


**National Democratic Front**

# NDF

Established in 10 May 1976

တိုင်းရင်းသားလူမျိုးများ အမျိုးသားလွတ်မြောက်ရေးတိုက်ပွဲ စစ်ရေး၊ နိုင်ငံရေး သတင်းလွှာ

*Online Bulletin No.26*

စက်တင်ဘာလ ၂၀၁၁ ခုနှစ်။ အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ ဌာနချုပ်ရုံးမှ လစဉ်ပုံမှန်ထုတ်ဝေသည်။ အမှတ်စဉ် – ၂၆


## မန်းငြိမ်းမောင် ပျောက်ဆုံးမှု KNU စုံစမ်းဆဲ




ဇပဟိုနှင့် အဆက်သွယ် ပြတ်နေသော ကရင်အမျိုးသားအစည်းအရုံး **(KNU)**ခေါင်းဆောင် ပဒိုမန်းငြိမ်းမောင် တလကျော်ပျောက်ဆုံးနေမှုအား စုံစမ်းနေဆဲဖြစ်ပြီး ရှင်းရှင်းလင်းလင်း မသိနိုင်သေးကြောင်း **KNU** က ပြောသည်။

မန်းငြိမ်းမောင် မှာ ထိုင်းနိုင်ငံ နှင့် တရုတ်နိုင်ငံပြည်ဝင်ခွင့်ဗီဇာများ ကုန်ဆုံးသွားခြင်းကြောင့် နှစ်နိုင်ငံလုံး သို့ ဝင်ခွင့်မရဘဲရှိစဉ် တရုတ်နိုင်ငံ ကူမင်းလေဆိပ်၌ လွန်ခဲ့သည့် ဇူလိုင်လနှောင်းပိုင်းက ပျောက်ဆုံးသွားခြင်း ဖြစ်ကြောင်း **KNU** ပြောခွင့်ရ ဗိုလ်မှူးစောလဌေက ပြောဆိုလိုက်ခြင်းဖြစ်သည်။


***စာမျက်နှာ– ၁၂ သို့***


## နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့တွင် *KNU* လက်နက်ကြီးဖြင့် အပစ်ခံရ



ယနေ့ကျရောက်သည့် နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ နံနက်ပိုင်းတွင် မြန်မာစစ်တပ်နှင့် ကရင်နယ်ခြားစောင့်တပ်–**BGF** ပူးပေါင်းကာ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော် –**KNLA** တပ်ရှိရာ နေရာများကို လက်နက်ကြီးဖြင့် ပစ်ခတ်ခဲ့သည်။

နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့တွင် တစ်ရက်တာ အပစ်အခတ်ရပ်စဲရန် **KNU** က စက်တင်ဘာလ ၁၅ ရက်နေ့ ၌ ကြေညာချက်ထုတ်ပြန်ထားသော်လည်း မြဝတီမြို့နယ်အတွင်း လှုပ်ရှားနေသည့် မြန်မာစစ်တပ် နှင့် **BGF** ပူးပေါင်းတပ် တို့က ထီးဝှါဘလောကျေးနယ်အတွင်းရှိ **KNLA** တပ်ရင်း (၁၀၁) ကို ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်။

**KNLA** တပ်မဟာ (၇) ၏ ရုံးထိုင်မှူး ဗိုလ်မှူးကြီးစောအယ်ဆဲဆဲက "သူတို့ (အစိုးရနဲ့ **BGF** တပ်ဖွဲ့) က ကျနော်တို့ကို


***စာမျက်နှာ– ၆ သို့***

***မွန်ပြည်သစ်နှင့်ဆွေးနွေး***
***စာမျက်နှာ–၁၀ သို့***

***စစ်ပြေငြိမ်းရေးမလွယ်***
***စာမျက်နှာ–၆ သို့***

***မိုင်းနင်းမိ၍အရပ်သားတစ်ဦးသေဆုံး စာမျက်–၈ သို့***

***KIA နှင့် အစိုးရတိုက်ပွဲ***
***စာမျက်နှာ– ၁၄ သို့***










## အယ်ဒီတာ့အာဘော်

### တိုင်းရင်းသားတပ်ဖွဲ့တွေ လုပ်ဆောင်သင့်တဲ့ခြေလှမ်း

ကချင်နဲ့ရှမ်း လက်နက်ကိုင်တပ်ဖွဲ့တွေအပေါ် မြန်မာစစ်အုပ်စုရဲ့ထိုးစစ်တွေ ဆက်တိုက်မြှင့်တင်နေပါတယ်။

တဘက်မှာလည်း အင်အားတောင့်တင်းတယ်လို့အားလုံးပြောကြတဲ့ ဝ တပ်ဖွဲ့ကို မြန်မာအစိုးရက အပေးအယူလုပ်ပြီး သေနတ်မပွင့်ရေး စကားပြောလိုက်လျှောနေပါတယ်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ခေါင်းဆောင် ဒေါ်အောင်ဆန်းစုကြည် ကိုလည်းဦးအောင်ကြည် နဲ့ အကြိမ်ကြိမ်တွေ့ပြလိုက်၊ သမတဦးသိန်းစိန် ကတွေ့လိုက်နဲ့ ဒေါ်စုကိုယ်တိုင် မြန်မာစစ်အုပ်စုအပေါ် အမြင်တွေပြောင်းပြီး နိုင်ငံရေးအပြောင်းအလဲ ဖြစ်နိုင်တယ်လို့ပြောလာပါတယ်။

လက်ရှိမြန်မာအစိုးရအကြား စစ်ခေါင်းဆောင်တွေရဲ့ အပျော့အမာ အုပ်စုအားပြိုင်မှုကြီးတယ်လို့ ဘယ်လိုပဲပြောပြော အသွင်ပြောင်းကော အသွင်မပြောင်းသေးတဲ့ စစ်ခေါင်းဆောင် အပျော့ အမာ အားလုံးမှာ တူညီတဲ့ဦးတည်ချက်ရှိပါတယ်။

ကျူးလွန်ခဲ့တဲ့ပြစ်မှုတွေ၊ရရှိထားတဲ့စည်းစိမ်တွေအပေါ် သူတို့ကိုပြန်အရေးယူတဲ့အဖြစ်မျိုးက ရှောင်ရှားနိုင်ဖို့အတွက် တနည်းနည်းနဲ့ အာဏာလက်ကိုင်ထားရေးပါပဲ။

ဒါကြောင့်ဒေါ်အောင်ဆန်းစုကြည် အနေနဲ့လာမဲ့ ဒီဇင်ဘာကြားဖြတ်ရွေးကောက်ပွဲမှာ ဝင်ပြိုင်ပြီး လွှတ်တော်ကိုယ်စားလှယ်အတိုက်အခံအမတ်တယောက်ဖြစ်လာမယ်ဆိုရင်တောင် ကျနော်တို့လိုချင်တဲ့ ဒီမိုကရေစီနဲ့တိုင်းရင်းသားအခွင့်အရေးတွေ ကို စစ်အုပ်စုကတော့ ကဖျက်ယဖျက်လုပ်နေအုံးမှာပဲ။ သိသာထင်ရှားတဲ့ပြုပြင်ပြောင်းလဲမှုတွေမရှိဘဲနဲ့ သိန်းစိန် အစိုးရရဲ့ကကွက်ကို ဆက်တိုက်ဝင်တိုးနေမယ်ဆိုရင်တော့ မြန်မာနိုင်ငံရဲ့နိုင်ငံရေးအလားအလာဟာ ပိုရှုပ်ထွေးလာနိုင်ပါတယ်။

အဲဒီလိုရှုပ်ထွေးအောင်မြန်မာစစ်အုပ်စုကကောင်းကောင်း ဖန်တီးတတ်ပါတယ်။ ဖန်တီးနေပါတယ်။

**National Democratic Front -NDF**

**အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု –မဒတ**

**Goal/Aim** ဦးတည်ချက်

- Equality right and self-determination right for all ethnic nationals

  တိုင်းရင်းသားလူမျိုးများအားလုံး အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရရှိရေး

- Establishment of a Federal Union based on democratic principles.

  ဒီမိုကရေစီကိုအခြေခံသည့် ပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေး

- **Liberty**
- **Equality**
- **Spcial Progress**

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ခေါင်းပိုင်းကိုဖြတ်ယူပြီး နိုင်ငံတကာနဲ့မြန်မာပြည်သူလူထုထောက်ခံမှု အရယူမယ်။ ကချင်၊ ရှမ်း၊ ကရင်ကို အပြင်းအထန်ထိုးစစ်ဆင်ပြီး ဝ တပ်ဖွဲ့ကိုအယောင်ပြမဟာမိတ်လုပ်ရင်း တိုင်းရင်းသားအချင်းချင်း ညီညွတ်မှုကွဲအောင်လုပ်မယ်။ သိန်းစိန်အစိုးရရဲ့ရွှေ့ကွက်ကို အားလုံးသိပါတယ်၊ ဒီလိုရွှေ့ကွက်ကို ဘယ်လိုတုန့်ပြန်ရမလဲဆိုတာလဲ အားလုံးသိပါတယ်။

ဒီတော့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့တွေအားလုံး –

စစ်ရေးအရ တောင့်တင်းခိုင်မာအောင်ပြင်ဆင်ဖို့

စစ်ရေးအရ အပြန်အလှန်ပူးပေါင်းဆောင်ရွက်ပြီး ဘုံရန်သူမြန်မာစစ်တပ်ကို ခုခံစစ်ကနေ တန်ပြန်ထိုးစစ်ဆင်ဖို့

စစ်ရေးအရဆုံးချက်ဖြစ်တဲ့ ဖက်ဒရယ်တပ်မတော်ကို အချိန်ကိုက်ဖော်ဆောင်လှုပ်ရှားဖို့ – အထူးလိုအပ်နေပြီဖြစ်တယ်လို့ မဒတ တပ်ပေါင်းစုက အလေးအနက် ရှုမြင်သုံးသပ်ပါတယ်။

**အမျိုးသားဒီမိုကရေစီတပ်ပေါင်းစု – မဒတ**

**၃၀ ရက် စက်တင်ဘာလ ၂၀၁၁ ခုနှစ်။**

# ထိုးစစ်ဆက်လုပ်သွားမယ် ဆိုရင်ပြည်တွင်းစစ် ရှည်မယ် (အင်တာဗျူး)

မြန်မာအစိုးရတပ်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA)တို့ စက်တင်ဘာလ ၂၃ ရက်နေ့ မှ စတင်၍ ရှမ်းပြည်နယ်ရှိ KIA တပ်မဟာ ၄ ထိန်းချုပ်ရာ လားရှိုး အထက်ဘက် တခွင်တွင် အပြင်းအထန် တိုက်ခိုက်နေကြသည်။

ယမန်နေ့က အစိုးရစစ်တပ်၏ လက်နက်ကြီးများ သုံးပြီး အဆက်မပြတ် ပစ်ခတ်တိုက်ခိုက်မှုကြောင့် KIA တပ်များက ကွတ်ခိုင်မြို့ အနီးရှိ ၎င်းတို့၏ လွိုင်ကန် တပ်မဟာ ၄ ဌာနချုပ်မှ ဆုတ်ခွာလိုက်ပြီး ပြောက်ကျား စနစ်ဖြင့် ခုခံ တိုက်ခိုက်လျက် ရှိသည်။

ဧရာဝတီ သတင်းဌာန အကြီးတန်း သတင်းထောက် ဘကောင်းက အင်အား ၂၀၀၀ ခန့်ရှိ ရှမ်းပြည်မြောက်ပိုင်း KIA တပ်မဟာ ၄ ဒေသ၏ တာဝန်ခံ ဗိုလ်မှူးကြီး ဇော်ရော ကို ယနေ့ ဆက်သွယ်ပြီး စစ်ပွဲ၏ နောက်ဆုံး အခြေအနေများ၊ KIA ၏ စစ်ရေး ပြင်ဆင်မှု၊ စစ်ရေး မဟာမိတ် အဖွဲ့များ နှင့် တရုတ်နိုင်ငံ၏ အနေအထား စသည့်အကြောင်းအရာ တို့ ကို မေးမြန်းထားသည်။



မေး။ ။ မနေ့ညက နဲ့ဒီမနက် ဖြစ်ခဲ့တဲ့ တိုက်ပွဲ အခြေအနေ ဘယ်လိုရှိပါသလဲ။

ဖြေ။ ။ အခုထက်ထိ ဘာမှ မထူးခြားပါဘူး၊ ပြောက်ကျား စနစ်နဲ့ တိုက်နေတဲ့ တပ်ဖွဲ့တွေက တော့ တောက်လျှောက်ပါပဲ။

မေး။ ။ တိုက်ပွဲအပြင်းအထန် ဖြစ်နေတာ လွိုင်ကန်ဒေသမှာပဲလား။

ဖြေ။ ။ ကွတ်ခိုင်ဘက်၊ လွိုင်ကန်ဒေသမှာ ဒီနေ့တော့ ထူးထူးခြားခြား မကြားရသေးဘူး၊ ဖြစ်လာဖို့ အ များဆုံးကတော့ ပြည်ထောင်စုလမ်းမကြီး အနောက်ဘက် KIA တပ်ရင်း ၈ ဘက်မှာ ရှိပါတယ်။ တပ် တွေကတော့ နေရာအနှံ့ ဖြန့်ထားတာ နေရာတိုင်းမှာပဲ။ (ရှမ်းပြည်မြောက်ပိုင်း) မုန်းကိုးမြို့နယ် တပိုက် လည်းပါ ပါတယ်။ ကျနော်တို့လည်း အခု ခံစစ်သဘောနဲ့ရင်ဆိုင်ထားတယ်။

မေး။ ။ ဒီရက်ပိုင်း အစိုးရဘက်က တပ်အင်အားတွေ တိုးချဲ့တာတွေ ရှိသေးလား။

ဖြေ။ ။ မနေ့က သူတို့ တပ်ရင်း ၈ ဘက်ကို အင်အား ၁၀၀ လောက် ဝင်သွားတာ ရှိတယ်။ အဲဒီ တပ်ရင်းကို လိုက်စုံစမ်းနေတယ်။ သူတို့မှာ လက်နက်ကြီးတွေ ပါလာတယ်၊ ၁၀၅ မမလား၊ ဒါမှ မဟုတ်ရင် တခုခုပဲ။

မေး။ ။ တပ်မဟာ ၄ နယ်မြေမှာ တိုက်ပွဲ အပြင်းထန်ဆုံး ဖြစ်ခဲ့တာ လွိုင်ကန်လို့ ပြောလို့ရမလား။

ဖြေ။ ။ အစိုးရတပ်က လွိုင်ကန်ထဲကို အခုထက်ထိ မဝင်သေးဘူး။ အဲဒီမှာ တော်တော်လေး ပြင်းထန်လာဖို့ အခြေအနေ ရှိပါတယ်၊ သူတို့ ဝင်လာတာနဲ့ ပြင်းထန်လာမယ့် သဘော ရှိတယ်။

မေး။ ။ တပ်မဟာ ၄ နယ်မြေမှာ KIA ရဲ့ အဆင့်မြင့် ဆက်သွယ်ရေးပစ္စည်းတွေ ရှိတယ်ဆိုပြီးတော့ကြားတယ်၊ စခန်းတွေ ဝင်သိမ်းတဲ့ အခါမှာ အဲဒါပါသွားသလား။

ဖြေ။ ။ ကျနော်တို့ မထားပါဘူး၊ ရှိလည်း မရှိပါဘူး။

မေး။ ။ ကချင်ပြည်နယ် ဗန်းမော် နဲ့ မြစ်ကြီးနားဘက်မှာ အစိုးရတပ်ရဲ့ လှုပ်ရှားမှုတွေ ရှိတယ်လို့ ကြားပါတယ်။ အခြေအနေ ဘယ်လိုရှိသလဲ။

ဖြေ။ ။ အဲဒီဘက်ကိုလည်း အင်အားအနည်းဆုံးတထောင် ဝန်းကျင်လောက် ချဉ်းကပ်လာတယ်လို့ ကြားတယ်။ တပ်မတွေလို့ ကြားတယ်။ ဘယ်တပ်လဲ ဆိုတာ မသိသေးဘူး။ ကြားတာပဲ ရှိသေးတယ်။

မေး။ ။ အစိုးရဘက်က ပြည်သူ့စစ် အဖွဲ့တွေ ဥပမာ ကချင်ရဝမ်လူမျိုးစုတွေနဲ့ ဖွဲ့ထားတဲ့ အဖွဲ့တွေကို ထိုးစစ်မှာ သုံးလာတာရှိလား။

ဖြေ။ ။ ပြည်သူ့စစ်ကတော့ တချို့တလေ ပါဝင်တယ်လို့ ကျနော်တို့ ကြားရတယ်။ ဒါပေမယ့် ကျနော်တို့နဲ့ တိုက်ချင်တဲ့ ပြည်သူ့စစ်က မရှိပါဘူး။ မလွန်ဆန်နိုင်တဲ့ အဖွဲ့ငယ် ၂ ဖွဲ့၊ ၃ ဖွဲ့လောက် ပါတယ်လို့ ကြားတယ်။ ဒါပေမယ့် ဒီလူတွေကလည်း အမှန်တကယ် ကျနော်တို့နဲ့ ရင်ဆိုင်ဖို့ သူတို့ ဆန္ဒရှိတာ မဟုတ်ပါဘူး။ ဒေသခံ မျိုးနွယ်စုတွေပဲ ဖြစ်တဲ့ အခါကျတော့ သူတို့ကလည်း ဒီနယ်မြေကို တွယ်တာပါတယ်။ ကျနော်တို့နဲ့ အတူ အခွင့်အရေးတွေကို လိုချင်နေတဲ့ မျိုးနွယ်စုတွေပါပဲ။

မေး။ ။ ရှမ်းပြည်တပ်တော (SSA) ရော KIA နဲ့ အတူ ရှိနေသေးလား။ တခြား UNFC (ညီညွတ်သောတိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ)အဖွဲ့တွေက ကူညီနေတာရော ရှိသလား။

ဖြေ။ ။ တောက်လျှောက် ရှိနေတုန်းပဲ။ ကျနော့်နေရာမှာတော့ ရှမ်းနဲ့ ကျနော်တို့ပါပဲ။ ဝပြည် သွေးစည်း ညီညွတ်ရေး တပ်မတော် (UWSA ) က တော့ ဒီမှာ ကျနော် နည်းနည်းပြောရတာ ခက်ပါလိမ့်မယ်။ သဘောအားဖြင့် ကျနော်တို့ အဆက် အသွယ်ရှိတယ်လို့ ပြောလို့ရတယ်။

မေး။ ။ UWSA က အစိုးရနဲ့ အပစ်အခတ် ရပ်ရေး လွန်ခဲ့ တဲ့ ၂ ပတ်လောက်က စာချုပ် ပြန်ချုပ်လိုက်တယ် ဆိုတော့ KIA အပေါ် သစ္စာဖောက်သွားတာလို့ မြင်လားခင်ဗျ။

ဖြေ။ ။ စာချုပ်အရ တဘက်က ပြောမယ်ဆိုရင်တော့ အပြင်ပိုင်းက ဒီလို ယူဆလို့ ရပါတယ်။ ဒါပေမယ့်လို့ ကျနော်တို့မှာလဲ အတွင်းရေးတွေ ရှိတာကိုး။ တဘက်သတ် ဒါကို ကျနော် မပြောလိုပါဘူး။

**စာမျက်နှာ– ၉ သို့**

# အစိုးရတပ်ကို KIA လိုက်လံတိုက်ခိုက်



ကချင်ပြည်နယ် ဗိုင်းမော်မြို့နယ် ဒါးဖော့ တပ်စခန်းကိုကူညီထောက်ပံ့နေသည့် အစိုးရစစ်ကြောင်းကို ကချင်လွတ်လပ်ရေးတပ်မတော်KIA တပ်ဖွဲ့ဝင်များက ပြီးခဲ့သည့်ကြာသပတေးနေ့က စတင်၍ ၂ ရက်ကြာ လိုက်လံ တိုက်ခိုက်ခဲ့ကြောင်းသိရသည်။

"သူတို့ လုပ်လာမယ့် စစ်ဆင်ရေး အတွက် အင်အားဖြည့်တင်းလို့ ကျနော် တို့ဘက်က ကြိုပြီးတော့ တိုက်ခိုက်တာပါ" ဟု KIA ၏ နိုင်ငံရေးဦးဆောင် အဖွဲ့ဖြစ်သောကချင်ပြည်နယ်လွတ်မြောက်ရေးအဖွဲ့တွဲဖက်အတွင်းတွင်းရေးမှူး ဦး လနန်က ရေဝတီသို့ ပြောသည်။

ဒါးဖော့ တပ်စခန်း အင်အားကောင်းပါက KIAတပ်များကိုပြန်လည်တိုက်ခိုက်လာနိုင်သည်ဟု ၎င်းက ဆိုသည်။ထိုတိုက်ပွဲများတွင် KIA တပ်ဖွဲ့ဝင် ၂ ဦး ကျဆုံး၍ဦးဒဏ်ရာရရှိခဲ့ကြောင်း၊ အစိုးရတပ်ဘက် က

***စာမျက်နှာ ၈ သို့***

စာမျက်နှာ ၈ သို့

# ကေအိုင်အေ နဲ့ အစိုးရစစ်တပ်ကြား တိုက်ပွဲပြင်းထန်



မိုင်းတုံ မြို့နယ်အတွင်းရှိ ကချင်လွတ်လပ်ရေးတပ်မတော် KIA တပ်မဟာ ၄ တပ်ဖွဲ့တွေ နဲ့ အစိုးရ စစ်တပ်အကြား တိုက်ပွဲ တွေ ဖြစ်ပွားနေရာ အစိုးရစစ်တပ်က အနည်းဆုံး ၆၀ ကျော်ကျပြီး အများ အပြားဒဏ်ရာရရှိခဲ့သလို ၊ KIA ဘက်က လည်း ၈ ဦးကျပြီး ၈ ဦးဒဏ်ရာရသွား တယ်လို့ ကေအိုင်အေဘက်က အတည်ပြု ပြောပါတယ်။

ဒီသတင်းနဲ့ပတ်သက်ပြီးအစိုးရဘက်က အတည်ပြုချက်ကိုတော့ မရသေးပါဘူး ။ ဒီစစ်ပွဲတွေ ကြောင့် ဒေသတွင်း က လူထုတွေလဲ စစ်ဘေးလွတ်ရာ ထွက်ပြေး တိမ်းရှောင် နေကြရကာ ကြုံကုတ်(ပန်ဆိုင်း) မူဆယ်ဘက် တွေအထိပုံ့နှံ့နေပြီး စုစုပေါင်း ထောင်ဂဏန်းလောက် အထိ ရှိနိုင်တယ်လို့ ဒေသခံတွေက ခန့်မှန်း ပြောဆိုပါတယ်။

ပြီးခဲ့တဲ့ သောကြာနေ့ကစလို့ရှမ်းပြည်မြောက်ပိုင်းရှိ ကေအိုင်အေ တပ်မဟာ (၄) ဌာနချုပ်နဲ့ လက်အောက်ခံ တပ်ရင်းတွေကို အစိုးရဖက်က တပ်ရင်း (၁၀) ရင်း ခန့်သုံးပြီး လက်နက်ကြီးတွေနဲ့ပါ အပြင်းအထန် တိုက်ခိုက်နေခဲ့တာ ဖြစ်ပါတယ် ။ ဒီအတွက် ကေအိုင်အေတပ်ဖွဲ့တွေဟာ တပ်မဟာ (၄) ဌာနချုပ် က နေဆုတ်ခွာပြီး ပြောက်ကျားနည်း နဲ့ တိုက်ခိုက်နေတာ ဖြစ်ပါတယ်။

***၂၃ စက်တင်ဘာလ ၂၀၁၁ ရေဝတီ***

# အစိုးရတပ် ဂိတ်စခန်း ၃ခုကို DKBA တပြိုင်တည်း ဝင်တိုက်



ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အနီး မြန်မာအစိုးရစစ်တပ် ၏ ကားလမ်းဂိတ်စခန်း ၃ခုကို တိုးတက်သောဗုဒ္ဓဘာသာကရင်အ မျိုးသားတပ်မတော်–DKBA က ယမန်နေ့ ညနေ ၁နာရီကျော်အချိန်တွင် ပြောက်ကျားစနစ်ဖြင့် တပြိုင်နက်တည်း ဝင်ရောက် တိုက်ခိုက်ခဲ့သည်။

အစိုးရစစ်တပ် တပ်မ(၁၂) လက်အောက်ခံ ခြေလျင်တပ်ရင်းခလရ (၃၅၅) အခြေစိုက်လျက်ရှိသည့် ကော့ကရိတ်မြို့နှင့် တစ်မိုင် ကျော်အကွာရှိရန် ကုတ်၊ အောက်ဘိုတဲနှင့် သစ်ခြောက်ပင် အစိုးရဂိတ်စခန်းများကို ကလို့ထူးဘော၅ နချုပ် လက်အောက်ခံ ကလို့ထူးဝါး စစ်ဖျူဟာတပ်ဖွဲ့ဝင်များက တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်။

ကလို့ထူးဘောဖျူဟာမှ ဗိုလ်မှူးစောဆန်းအောင်က "ကျနော်တို့ DKBA မရှိတော့ဘူးလို့ အစိုးရ သတင်းစာမှာ ဖော်ပြခဲ့တဲ့အ ပေါ် အစိုးရတပ်တွေကို ကျနော်တို့ ဒီလိုတိုက်ပွဲမျိုး ဆင်လာတာ ဖြစ်ပါတယ်။"ဟု ပြောသည်။

အဆိုပါ တိုက်ပွဲများအတွင်း နှစ်ဦးနှစ်ဘက် ၁နာရီခန့် အပြန်အလှန် တိုက်ခိုက်ခဲ့ကြပြီး DKBA က ၎င်းတို့ဘက်တွင် ထိခိုက်ဒဏ် ရာရမှု မရှိသလို အစိုးရတပ်ဘက်တွင် ထိခိုက်မှု ရှိမရှိကိုမူ မသိရှိရကြောင်း ၎င်းက ဆက်ပြောသည်။

လွန်ခဲ့သည့် ရက်ပိုင်းအတွင်း DKBA ကလို့ထူးဘောစစ်ဖျူဟာကို စနစ်တကျပြန်လည်ဖွဲ့စည်းလိုက်ပြီဟု DKBA ဘက်မှ ပြော ဆိုခဲ့ပြီးနောက် ယခုတိုက်ပွဲမှာ ပထမဆုံးအကြိမ် ဖြစ်ပွားသည့် တိုက်ပွဲလည်း ဖြစ်သည်။

ဗိုလ်မှူးကြီးစောကျော်သက် ဦးဆောင်သည့် ကလို့ထူးဝါး စစ်ဖျူဟာဝင်ရောက်တိုက်ခိုက်ခဲ့သည့် ဂိတ်စခန်း ၃ခုမှာ စခန်းတခု လျှင် မြန်မာစစ်တပ် အင်အား ၂၀ နှင့် ၃၀ အကြားတွင် ရှိသည်ဟု DKBA က ပြောသည်။

DKBA ကို ပြန်လည်ဖွဲ့ပြီးသည့်နောက် စက်တင်ဘာလ ဖရက်နေ့က ကရင်ပြည်နယ်၊ လှိုင်းဘွဲ့မြို့နယ် မြိုင်ကြီးငူရှိ ကရင်နယ် ခြားစောင့် (BGF) တပ်ဖွဲ့ဝင် ၂၀ကျော်သည် ထိုဒေသတဝိုက် လှုပ်ရှားနေသည့် ဗိုလ်မှူးစောဘိဦးစီးသော DKBA တပ်ဖွဲ့များထံ သို့ လာရောက်ပူးပေါင်းခဲ့သည်။

ထိုသို့ လာရောက်ပူးပေါင်းသည့် BGF တပ်ဖွဲ့ဝင်များမှာ ဗိုလ်မှူးစိုးနိုင် ဦးစီးသည့် (၁၀၁၁)တပ်ရင်းနှင့် ဗိုလ်မှူးမောင်ချစ် ဦးစီး သည့် (၁၀၁၄)တပ်ရင်းမှ လက်အောက်ခံ တပ်ဖွဲ့ဝင်များဖြစ်သည်။

စက်တင်ဘာလ ၂ရက်နေ့က ဘားအံမြို့အခြေစိုက်ကရင်ပြည်နယ် ဒီမိုကရေစီနှင့် ဖွံ့ဖြိုးတိုးတက်ရေးပါတီ KSDDP က DKBA ကို အသိအမှတ်မပြုတော့ကြောင်း အစိုးရပိုင်သတင်းစာတွင် ဖော်ပြခဲ့သည်။ ထိုထုတ်ပြန်ချက်ကို DKBA က ငြင်းဆိုခဲ့ပြီး ၎င်း တို့အဖွဲ့ရှိသေးကြောင်း ပြသသည့်အနေဖြင့် BGF နှင့် အစိုးရတပ်အခြေစိုက်ရာ နေရာကို မကြာသေးခင်ကဝင်ရောက် တိုက် ခိုက်ခဲ့ဖူးသည်။

***၈ စက်တင်ဘာလ ၂၀၁၁ ကေအိုင်စီ***

# KIO နယ်မြေ တွင်း အစိုးရတပ်များ တိုးမြှင့်ချ ၊ တိုက်ပွဲဆက်ဖြစ်

ရှမ်းပြည်နယ်အတွင်းရှိ ရဲဘက်စခန်းတခုကိုKIO ကချင်လွတ်မြောက်ရေးအဖွဲ့မှ ဖွင့်ပေး လိုက်ပြီးနောက် KIO တပ်မဟာ ၄ ထိန်းချုပ်နယ်မြေသို့ အစိုးရမှ တပ်အင်အား ၂ယ၀၀၀ ခန့် တိုးမြှင့်ချထားလိုက်ပြီး တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်ဟု တပ်မဟာ ၄ တာဝန်ခံ ဗိုလ်မှူးကြီး ဇော်ရော်က ပြောသည်။

ယခုလ ၂၁ ရက်နေ့က ရှမ်းပြည်နယ် မူဆယ်မြို့နယ်အတွင်းမှ ရွှေပြည်သစ် ရဲဘက်အကျဉ်းစခန်းတခုကို KIO တပ်ဖွဲ့များဖွင့်ပေးလိုက်သည့်နောက် အစိုးရတပ်အင်အား ၂ယ၀၀၀ ကျော်သည် ရှမ်းပြည်နယ် ကုတ်ခိုင်မြို့နယ်၊ မူဆယ်မြို့နယ်၊ ပန်တုံမြို့နယ်အတွင်း ရောက်ရှိလာကာ တိုက်ပွဲများ ယခုထိ ဖြစ်ပွားနေဆဲဖြစ်သည်။

"သူတို့ဘက်က လူအင်အား၊ လက်နက်ကြီးတွေ တိုးလာတဲ့ အခါကျတော့ စစ်ပွဲက ရပ်သွားမယ်လို့ မမျှော်လင့်တော့ဘူး။ စစ်ပွဲကတော့ ဆက်ဖြစ်မဲ့ အခြေအနေပါ"ဟု ဗိုလ်မှူးကြီး ဇော်ရော် က ဆိုသည်။

ရှမ်းပြည်နယ် သိန္နီမြို့ အခြေစိုက် ဌာန- စက၁ ၁၆ လက်အောက်ခံတပ် ဌာနချုပ် လက်အောက်ခံ တပ်ရင်း ဖြင့် KIO ၏ တပ်မဟာ ၄ဗဟိုဌာနချုပ် ထဝ်းများရှောင်တိမ်းနေရသည်။ တပ်ရင်း ပြောင်းကာ ပြောက်ကျားစနစ်ဖြင့်ခုခံ သည်။



အစိုးရတပ်မှ စစ်ဆင်ရေး နှင့် ကွပ်ကဲရေး ရင်း အများစု နှင့် အရှေ့တောင်တိုင်းစစ် အင်အားများ တိုးချဲ့တိုက် ခိုက်လာသ တွင် တာဝန်ထမ်းဆောင်နေ သည့် ဝန် ၂ နှင့် တပ်ရင်း ၉ တို့မှာလည်း နေရာ နေရသည်ဟု ဗိုလ်မှူးကြီးဇော်ရော်ကဆို

တိုက်ပွဲများအတွင်း KIO ဘက်မှ ငါးဦးကျဆုံးခဲ့ပြီးအစိုးရတပ် ဘက်မှ ပြီဟုသိရသည်။ သီးခြားအတည်ပြုချက် ဗိုလ်အဆင့် တဦး အပါအဝင်တပ် သား ယနေ့ထိဆိုလျှင်၂၀၀ ခန့် ကျဆုံးမှု ရှိနေ ရယူနိုင်ခြင်းမရှိပါ။

ဆက်စပ်သတင်းတရပ်မှာ မူဆယ်မြို့နယ် မန်ဂျဲကျေးရွာ အနီး ရွာသစ်ကုန်းရွာမှ အသက် ၂၀ နှစ်ဝန်း ကျင်အရွယ် မရိစ်ကော့ အမည်ရှိ ကချင် အမျိုးသမီး တဦးကို အစိုးရတပ်ဖွဲ့များက တပ်စခန်းအတွင်း ခေါ်ဆောင်သွားကာ အဓမ္မပြုကျင့်ခဲ့သည်ဟု ကချင်အမျိုးသမီးအစည်းရုံး KWA၏ အဖွဲ့ဝင် ဒေါ်မိုင်းဂျာက ပြောသည်။

"သူကို ကျောင်းဆရာမတဦးက အာမခံပြီးတော့ ခေါ်ထားတယ်။ ညညအိပ်ရင် လန့်လန့်နိုးပြီး ငိုတာတို့ ဖြစ်တယ်လို့ပြောတယ်၊ ရှမ်းပြည်မှာလည်း ပလောင်အမျိုးသမီးတွေကိုလည်း အဓမ္မပြုကျင့်ခံရတယ်ဆိုတာ ကြားနေရတယ်။ ဖြစ်တယ်ဆိုလို့ ဘယ်ကိုရောက်သွားတယ်ဆိုတာလိုက် စုံစမ်းနေတယ်" ဟု သူက မဇ္ဈိမကို ပြောသည်။လက်ရှိ မူဆယ်မြို့နယ်အတွင်းမှ ပန်ဆိုင်းကျေးရွာအနီး စစ်ပြေးဒုက္ခသည် ၂၀၀ ခန့်က ယင်းတို့၏ ဆွေမျိုးများနေအိမ်တွင် နေထိုင်နေသော်လည်း သက်ဆိုင်ရာ ရဲများက ဧည့်စာရင်း စစ်ဆေးခြင်းနှင့် ခြိမ်းခြောက်မှုများ ရှိနေသည်ဟု တရုတ်မြန်မာနယ်စပ်မှ စစ်ပြေးဒုက္ခသည်များကို ကူညီနေသူလည်း ဖြစ်သူ ဒေါ်မိုင်းဂျာက ဆက်ပြောသည်။

ကချင်ပြည်နယ် အစိုးရ ကိုယ်စားလှယ်များ နှင့် KIO တို့သည် အပစ်အခတ် ရပ်ဆိုင်းရေးအတွက် ပဏာမ တွေ့ဆုံခဲ့သော်လည်း အပစ်ခတ်ရပ်စဲရေး သဘောတူညီမှုမရခဲ့ဘဲ ယနေ့ထိ တိုက်ပွဲများ ဆက်လက် ဖြစ်ပွားနေသည်။တပြည်လုံးအတိုင်းအတာ အပစ်အခတ်ရပ်ဆိုင်းရန် အမျိုးသမီးအဖွဲ့ချုပ် (မြန်မာနိုင်ငံ) က ဗုဒ္ဓဟူးနေ့တွင် ကြေညာချက် ထုတ်ပြန်ကာ တိုက်တွန်းလိုက်သည်။

***၂၈ စက်တင်ဘာ ၂၀၁၁ မဇ္ဈိမ***

# ကရင်တပ်ဖွဲ့လက်ချက်ဖြင့် အစိုးရစစ်သည် ၄ဦးကျဆုံးသလို မှန်လုံကားတစီး မီးလောင်



ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် ယမန်နေ့က ကရင်တပ်ပူးပေါင်းတပ်ဖွဲ့များသည် ကြောင်လျှာကုန်းရှိ အစိုးရစစ်တပ်များ အား ဝင်ရောက်ပစ်ခတ်ခဲ့ရာ အစိုးရတပ်ဘက်က ၄ဦးသေဆုံးခဲ့သည်ဟု ကရင်တပ်ဖွဲ့ဘက်က ပြောသည်။

စက်တင်ဘာလ ၂၅ရက်နေ့ မွန်းလွဲ ၁နာရီခန့်တွင် ကရင်ပူးပေါင်းတပ်ဖွဲ့များဖြစ်ကြသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အ မျိုးသား တပ်မတော်(ဒီကေဘီအေ) ကလိုထူးဝါးဗျူဟာနှင့် ကရင်အမျိုးသားလွတ် မြောက်ရေးတပ်မတော် (ကေအဲန်အယ်လ် အေ) တို့ပူးပေါင်းပြီး ကြောင်လျှာကုန်းစခန်းရှိ အစိုးရစစ်တပ် ခလရ (၉၇) နှင့် ခမရ (၃၅၇) တပ်ရင်း အား တစ်နာရီဝန်းကျင်ခန့် ဝင် ရောက်ပစ်ခတ်ခဲ့သည်ဟု ဒီကေဘီအေ၏ ပြောခွင့်ရသူ ဗိုလ်မှူးဆန်းအောင်က ပြောသည်။

"မနေ့က ၁နာရီအချိန်မှာ ကြောင်လျှာကုန်းမှာရှိတဲ့ ရန်သူ့တပ် ရတခ(အရှေ့တောင်တိုင်းစစ်ဌာနချုပ် လက်အောက်ခံ)ခလရ ၉၇နဲ့ တပ်မ(၂၂) က ခမရ (၃၅၇) တပ်ရင်းတွေကို ကျနော်တို့ ကလိုထူးဝါးဗျူဟာမှူး ဗိုလ်မှူးကျော်သက် ဦးစီးပြီး ဝင်ရောက်ပစ် ခတ်တယ်။ ရန်သူ့ဘက်က ၄ဦး သေတယ်။ ကျနော်တို့ဘက်ကတော့ တယောက်မှ မထိဘူး။"ဟု ပြောသည်။

***စာမျက်နှာ– ၈ သို့***

## ရှမ်းပြည် ဌာနချုပ်မှ KIA ဆုတ်ခွာ

အစိုးရတပ်များ၏ ထိုးစစ်ကြောင့် ကချင်လွတ်လပ်ရေး တပ်မတော် **(KIA)** ရှမ်းပြည်နယ်ကွတ်ခိုင်မြို့နယ်ရှိ ၎င်း၏ အမှတ်( ၄) တပ်မဟာဌာနချုပ် နှင့် စခန်းတချို့မှ ယခုရက်ပိုင်းအတွင်း ဆုတ်ပေးလိုက်ရကြောင်း သိရသည်။

အစိုးရတပ် ၏ ၁၂၀၊ ၁၀၅ မမ အမြောက်များနှင့် ၅ ရက်ကြာ ပစ်ခတ်သည့် ဒဏ်ကို မခံနိုင်သောကြောင့် ဆုတ်ပေးခြင်းဖြစ်သည်ဟု ဆိုသည်။

သို့သော်လည်း ထိုနေရာသည် စစ်ရေးအရဗျူဟာမကျကြောင်း၊ အစိုးရတပ် က ယင်းနေရာကို သိမ်းပိုက်နိုင်ခြင်းမရှိသေးကြောင်း **KIA** တပ်မဟာ ၄ တာဝန်ခံ ဗိုလ်မှူးကြီး ဇော်ရောက ပြောသည်။

“အစိုးရတပ်က တဖြည်းဖြည်းနဲ့ ချဉ်းကပ်လာနေတယ်၊ တပ်ရင်းပေါင်း ၂၀ ကျော်သွားပြီး အားလုံး ပေါင်းလိုက်ရင်အင်အား ၂၀၀၀ နီးပါးလောက်ရှိမယ်၊ ကျနော်တို့ကပြောက်ကျားစနစ်နဲ့ ပြန်လည်ခုခံတိုက်ခိုက်နေတယ်။”



ဟု ဗိုလ်မှူးကြီး ဇော်ရောက ဆိုသည်။

အစိုးရတပ်များကို ခုခံတိုက်ခိုက်နေသည့် တပ်ရင်းများမှာ **KIA** တပ်ရင်း ၁၇ နှင့် ၂၈ တပ်ဖွဲ့ဝင်များ ဖြစ် သည်။ **KIA ဘက်** မှ ရှမ်းပြည်တပ်မတော် **(SSA)** မြောက်ပိုင်းတပ်ဖွဲ့ဝင်တ တချို့ကူညီတိုက်ခိုက် နေသည်ဟုသိရသည်။

“ကျနော်တို့ ဖယ်ပေးလိုက် ရတဲ့ နေရာဝန်းကျင်နဲ့တခြား နေရာတွေပါ တန်ပြန်ပြောက်ကျား စနစ်နဲ့ ပြန်တိုက်နေတယ်” ဟု ဗိုလ်မှူး ဇော်ရောက ဆက်ပြောသည်။ယခုရက်ပိုင်း မူဆယ် ၁၀၅ မိုင်ကားလမ်းမ ၏ အနောက်ဘက်ရှိ **KIA** တပ်ရင်း ၈ လှုပ်ရှားနေသောဒေသ၊ **KIA** တပ်ရင်း ၂ ဒေသများတွင်လည်း တိုက်ပွဲများဆက်လက် ဖြစ်ပွားနေကြောင်းသိရသည်။

လတ်တလော ဖြစ်ပွားနေသည့် တိုက်ပွဲတွင်နှစ်ဖက်အကျအဆုံးစာရင်းများကိုမူ မသိရှိရသေးပေ။ တိုက်ပွဲများကြောင့်ဒေသခံကချင်၊ ရှမ်း၊ ပလောင်တိုင်းရင်းသားများက တရုတ်–မြန်မာ နယ်စပ် မူဆယ်မြို့နယ်သို့ ထွက်ပြေးတိမ်းရှောင်နေကြရသည်။ စစ်ပြေးဒုက္ခသည် အများစုမှာ ကွတ် ခိုင်မြို့နယ်အတွင်းရှိ ကျေးရွာများမှဖြစ်သည်။ထိုဒေသမှ တိုက်ပွဲများရက် အတန်ကြာလာပြီ ဖြစ်သော်လည်း မြန်မာအစိုးရက သတင်းထုတ် ခြင်း မရှိသေးပေ။

စစ်အစိုးရသည် မိုးမောက်မြို့နယ်အတွင်း တာပိန်ရေအားလျှပ်စစ် စီမံကိန်းအနီးရှိ **KIA** တပ်များအားလုံခြုံရေးအရစိတ်မချဟုအကြောင်းပြ၍ ထွက်ခွာရန် ပြောဆိုခဲ့ကြပြီးနောက် နှစ်ဖက်တိုက်ပွဲများ စတင်ခဲ့ခြင်း ဖြစ်သည်။

ပြီးခဲ့သည့် ဇွန်လ ၉ ရက်နေ့တွင်စတင်ခဲ့သည့် အစိုးရတပ်နှင့် **KIA** အကြားတိုက်ပွဲ များကြောင့် နေရပ်စွန့်ခွာထွက်ပြေးရသူပေါင်း ၂၀၀၀၀ ကျော်ရှိပြီး တရုတ်–မြန်မာ နယ်စပ် တလျှောက်ရှိ KIA ထိန်းချုပ်ရာ ဒေသများ၊ မြစ်ကြီးနားနှင့်ဗိုင်းမော်မြို့တို့ရှိ ဘာသာရေး အဆောက်အအုံများ၊ ဆွေမျိုးများထံတွင် ဒုက္ခသည်များ ခိုလှုံနေကြဆဲ ဖြစ်သည်။

***၂၈ စက်တင်ဘာလ ၂၀၁၁ ရောဝတီ***

## စစ်ပြေငြိမ်းရေး မလွယ်တော့ဟု KIO ဆို



မြန်မာအစိုးရ တပ်အင်အား ၈၀၀ ကျော်နှင့် ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** တပ်မဟာ ၄ လက်အောက်ခံ တပ် များ တိုက်ပွဲ လေးရက်ကြာ ဖြစ်ပွားနေပြီး အစိုးရတပ်များမှ ထိုးစစ်ဆင်လာခြင်း ကြောင့် အပစ်ခတ်ရပ်စဲရေး မလွယ်ကူတော့ကြောင်း **KIO** ပြောခွင့်ရ ဦးလနန်က ပြောသည်။

“စစ်ပွဲတွေ ငြိမ်းဖို့ဆိုတာ လွယ်တော့ မလွယ်တော့ဘူး။ သူတို့ တပ်တွေ တာ ရှိနေသရွေ့ကတော့ ပြည်တွင်းစစ်မီးက အလားအလာအများကြီး ဖြစ်လာပြီ၊ တပ်မဟာ (၄) မှာ ဖြစ်တဲ့ကိစ္စဟာ အစိုးရဘက်ကထိုးစစ်ဆင်လာပြီးတော့ တိုက်ခိုက်တဲ့ တိုက်ပွဲပါ။” ဟု ဦးလနန်က မဇ္ဈိမကိုပြောသည်။

မြန်မာအစိုးရ တပ်ဖွဲ့များသည် ၁၂၀ မမ၊ ၁၀၅ မမ၊ ၈၁ မမ၊ ၇၅ မမ စသည့် လက်နက်ကြီး ငယ်များဖြင့် ပစ်ခတ် တိုက်ခိုက်နေပြီး **KIO** ဘက်မှ ပျောက်ကျား နည်းဖြင့် ခုခံတိုက်ခိုက်နေသည်ဟု ဆိုသည်။

ရှမ်းပြည်နယ် မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်းဖြစ်နေသည့် တိုက်ပွဲများအတွင်း မြန်မာအစိုးရဘက်မှ အနည်းဆုံး ၁၀၀ ကျဆုံးပြီး ၅၀ ခန့် ဒဏ်ရာရမှုများ ရှိနေကာ KIO ဘက်မှ

**စာမျက်နှာ– ၁၃သို့**

### *စာမျက်နှာ ၄ မှ KNU လက်ကြီးပစ်ခံရာ မှ အဆက်*

လက်နက်ကြီးသက်သက်ပဲပစ်တာ။ ကျနော်တို့ ဘက်တော့ ပြန်ပစ်ခတ်တာ မလုပ်ဘူး။ ထိခိုက်မှုလည်း ဘာမှ မရှိ ပါဘူး။”ဟု ကေအိုင်စီသို့ ပြောသည်။

မြန်မာစစ်တပ်၏ စစ်ကွပ်ကဲရေးဌာနချုပ်–စကခ (၁၂) လက်အောက်ခံ ခမရ (၃၅၇) နှင့် **BGF** တပ်ရင်း (၁၀၁၇) တို့က ထီးဝါ့ဘလောရွာအနီး တောင်ခြေမှနေ၍ ၎င်းတို့ကို နံနက် ၈နာရီကျော်မှ ၁၁နာရီအထိ ပစ်ခတ်ခဲ့ခြင်း ဖြစ်သည်ဟု ၎င်းက ဆက်ပြောသည်။

နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ မတိုင်မီ စောစီးစွာ ထုတ်ပြန်ခဲ့သည့် **KNU** ၏ ထုတ်ပြန်ချက်ထဲတွင် တိုင်းရင်းသားပြည်နယ်များတွင် ထိုးစစ်ဆင်နေသည့် အစိုးရစစ်တပ်များ အားလုံး ရုပ်သိမ်းပေးရန်လည်း ပါဝင်သည်။

**KNU** ၏ ဒု–ဥက္ကဌ ပဒိုစောဒေးဖစ်သာကပေါက “ငြိမ်းချမ်းရေးနေ့မှာ ကျနော်တို့ **KNLA** တပ်တွေကို ပစ်ခတ်တာဟာသူတို့ (အစိုးရနှင့်BGF တပ်ဖွဲ့) တွေ နိုင်ငံတကာဥပဒေနဲ့ စည်းမျဉ်းစည်းကမ်းကို မလေးစားတာကို ပြတာပဲ။”ဟု ပြောသည်။

ယခင် ၂၀၁၀ခုနှစ် နိုင်ငံတကာ ငြိမ်းချမ်းရေးနေ့ကလည်း **KNU** သည် အစိုးရတပ်များနှင့် တစ်ရက်တာ အပစ်အခတ်ရပ်စဲမှု ပြုလုပ်ရန် အလားတူ ထုတ်ပြန်ခဲ့သော်လည်း စစ်အစိုးရတပ်များက **KNU** တပ်မဟာ (၇) နှင့် တိုက်ခိုက် ခဲ့မှု ဖြစ်ပွားခဲ့သေးသည်။

***၂၁ စက်တင်ဘာလ ၂၀၁၁ ကေအိုင်စီ***

## သူပုန်တပ်ပေါင်းစုနှင့် အစိုးရတပ် တိုက်ပွဲဖြစ်

တိုင်းရင်းသား လက်နက်ကိုင် ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် မြန်မာအစိုးရတပ်တို့ ကရင်ပြည်နယ်အတွင်း ယမန်နေ့ညက တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း သိရသည်။မြဝတီမြို့၊ သေဘောဘိုး ကျေးရွာအနီး တပ်စွဲထားသော ခြေမြန်တပ်ရင်းအမှတ် ၂၀၄ တပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေး အတွက်လှုပ်ရှားစဉ် ရင်ဆိုင်တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း၊ အစိုးရတပ်ဘက် တွင်ထိခိုက်ကျဆုံးမှုရှိကြောင်း တိုးတက်သောဗုဒ္ဓဘာသာ ကရင်အမျိုးသား တပ်မတော် **DKBA**တပ်မဟာ ၅ မှ ဗိုလ်မှူး စန်းအောင်က ရောဝတီကို ပြောသည်။ ပူးပေါင်းအဖွဲ့တွင် **DKBA** နှင့်အတူ ရင်အမျိုးသားအစည်းအရုံး **(KNU)** မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများဒီမိုကရက်တစ်တပ်ဦး **(ABSDF)** တို့မှ တပ်ဖွဲ့ဝင်များ၊ ဗိုမီးနှင့်ရခိုင် တိုင်းရင်းသားတပ်ဖွဲ့ဝင်တချို့ ပါဝင်ကြောင်းသူကပြောသည်။

တိုက်ပွဲသတင်းနှင့် ပတ်သက်ပြီးသီးခြားအတည်ပြုချက်မရရှိသေးပေ။ယမန်နေ့နောက်ဆုံးသတင်းအရအင်အား၄၀ခန့်ရှိသည့်အစိုးရစစ်ကြောင်းတကြောင်း ယင်းဒေသသို့လာနေသည်ဟု ဗိုလ်မှူးစန်းအောင်က ဆိုသည်။



"တကယ်လို့ သူတို့ အရှောင်အကွင်း မကောင်းရင်တော့ တိုက်ပွဲဟာ ကြီးကြီးမားမား ထပ်ဖြစ်ဖို့ရှိတယ်၊ ကျနော်တို့ဘက်ကလည်း တပ်တွေ ဖြန့်ပြီး သွားနေတဲ့လမ်းကြောင်းတွေကနေ လိုက်ပြီးပိတ်ဆို့တာ၊ စောင့်ပစ်တာတို့ ရတဲ့နည်းနဲ့ တိုက်ဖို့ ပြင်ဆင်ထားတယ်" ဟု သူကပြောသည်။ **DKBA** ဗိုလ်မှူးကျော်သက်ဦးဆောင်သောတပ်ဖွဲ့ **KNU** ဗိုလ်မှူးဖောဒို ဦးဆောင်သောတပ်ဖွဲ့တို့သည် အစိုးရတပ်နှင့်ယနေ့ တိုက်ပွဲ ဖြစ်ပွား ခဲ့ကြောင်းသိရသည်။

ပြီးခဲ့သည့် ဗုဒ္ဓဟူးနေ့က ကျရောက်ခဲ့သော အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့တွင် တရက်တာအပစ်ရပ်ကြရန် **KNU** ကကမ်းလှမ်းသော်လည်း အစိုးရစစ်တပ်က အကြောင်းပြန်ကြားခြင်း မရှိဘဲလက်နက်ကြီးများနှင့် ပစ်ခတ်ခဲ့သည်။ မြဝတီခရိုင်၊ မယ်ပလဲ့ကျေးရွာ အခြေစိုက်ခြေမြန်တပ်ရင်းအမှတ်၃၅၇ နှင့် နယ်ခြားစောင့်တပ်အမှတ် ၁၀၁၇ တို့က ပစ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ **KNU** ၏ အမှတ် ၇ တပ်မဟာမှူး ဗိုလ်မှူးချုပ်ဂျော်နီက "ဘားအံခရိုင် ထဲမှာရှိတဲ့ ထီးလေသေနဲ့ ထီးဝါးပလောကျေးနယ်တွေကိုလက်နက်ကြီးတွေနဲ့ပစ်တယ်။ ကျနော်တို့ဘက်ကတော့လုံးဝပြန်ပစ်တာတာတွေမလုပ်ခဲ့ဘူး" ဟု ထို့ နေ့က ရောဝတီသို့ ပြောပြခဲ့သည်။ အပြည်ပြည်ဆိုင်ရာငြိမ်းချမ်းရေးနေ့ တွင် သေနတ်သံတိတ်ရန် ကမ်းလှမ်းခဲ့ခြင်းမှာရေရှည်ငြိမ်းချမ်းရေးပေါ်ထွန်းရန် ရည်ရွယ်သည်ဟု ဗိုလ်မှူးချုပ်ဂျော်နီကဆိုသည်။ကရင်ပြည်နယ်တွင်တိုက်ပွဲများ အဆက်မပြတ်ဖြစ်ပွားလျက်ရှိသည်။ယမန်နှစ် နိုဝင်ဘာလတွင်လည်းရွေးကောက်ပွဲကျင်းပနေစဉ် DKBA က မြဝတီ၊ ဘုရားသုံးဆူ၊ ကြာအင်းဆိပ်ကြီးမြို့ နယ်တို့ကို DKBA တပ်ဖွဲ့များက ဝင်ရောက်တိုက်ခိုက်ခဲ့သည်။ ***၂၄ စက်တင်ဘာ ၂၀၁၁ ရောဝတီ***

## အစိုးရထိုးစစ်အပေါ် KIA နှင့် SSA ပူးပေါင်း တွန်းလှန်



သျှမ်းပြည် (မြောက်ပိုင်း) အတွင်းရှိ **KIA** တပ်မဟာ ၄ လက်အောက်ခံတပ်များ အားအစိုးရစစ်တပ်မှ ထိုးစစ်ဆင် တိုက်ခိုက် နေရာတွင် **KIA** ဘက်မှ **SSA/SSPP** တပ်ဖွဲ့များကူညီ တိုက်ခိုက်နေကြောင်းစုံစမ်း သိရသည်။ **KIA** တပ်ရင်း ၈ အခြေစိုက်ရာ မန်တုံမြို့နယ်အတွင်း၌ **KIA** နှင့် **SSA/SSPP** ပူးပေါင်းတပ်ဖွဲ့များနှင့် အစိုးရ တပ်တို့ အကြား ယမန်နေ့ ညနေပိုင်းမှ ယနေ့အထိ တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားနေကြောင်း SSA/SSPP သတင်းရပ်ကွက်မှ သျှမ်းသံတော်ဆင့်သို့ အတည်ပြုပြော သည်။

"မန်တုံမြို့နယ်ထဲမှာ **SSA** တပ်တွေနဲ့ တိုက်ပွဲတွေဖြစ်နေတယ်လို့သိရတယ် ဒါပေမဲ့ အခြေအနေအသေးစိတ် မသိရသေးဘူး" **SSA** အရာရှိတစ်ဦးက ဆိုသည်။

တရုတ်နယ်စပ် အခြေစိုက် စစ်ရေးနိုင်ငံရေး လေ့လာသူ ဦးအောင်ကျော်ဇော ကလည်း မန်တုံမြို့နယ်အတွင်း ရှိ **KIA** တပ်ရင်း ၈ နယ်မြေတွင် တိုက်ပွဲများ ဖြစ်ပွားနေသည်ဟု ယခုလို ပြောသည်။

"**KIA** တပ်ရင်း ၈ နယ်မြေမှာ မနေ့ညနေ ၃ နာရီလောက်ကတည်းက ဖြစ်နေတာ။ သျှမ်းနဲ့ကချင်ပေါင်းပြီးတိုက် နေတာ တပ် ရင်း ၈ ကတော့အတော်မာတယ်" ဟု ဆိုသည်။

ကချင်ပြည်လွတ်လပ်ရေးတပ်မတော် **KIA** နှင့် သျှမ်းပြည်တပ်မတော် **SSA/SSPP** လက်နက်ကိုင်အဖွဲ့များသည် နယ်မြေချင်း ထိစပ်နေသော ညီညွတ်သော တိုင်းရင်းသားလူမျိုးများဖက်ဒရယ်ကောင်စီ **UNFC** တပ် ပေါင်းစု အဖွဲ့ဝင်များ ဖြစ် သည်။

ယခုလ ၂၄ ရက်နေ့မှ စ၍ အစိုးရတပ်များသည် သျှမ်းပြည် (မြောက်ပိုင်း ) မူစယ် ၊ ကွတ်ခိုင် နှင့် မန်တုံမြို့နယ် များအတွင်းရှိ **KIA** လက် အောက်ခံတပ်များကို ထိုးစစ်ဆင်တိုက်ခိုက်နေရာ တိုက်ပွဲအတွင်း **SSA** ဘက်မှ ၄ ဦးကျဆုံးခဲ့ပြီး **KIA** တပ်စခန်းများ လက်လွတ် ဆုံးရှုံးခဲ့သော်လည်း ပြောက်ကျားစစ်နည်းဗျူဟာဖြင့် တန်ပြန် တိုက်ခိုက်မှုကြောင့် အစိုးရတပ် များ အထိနာနေကြောင်း သိရသည်။

ယမန်နေ့က တပ်ရင်း ၉ စခန်းကုန်းအား သိမ်းပိုက်ထားသော အစိုးရတပ်များကို **KIA** တပ်မတော်က ဝိုင်းရံပိတ်ဆို့ တိုက်ခိုက်နေကြောင်း သိရသည်။

အတည်မပြုနိုင်သော သတင်းအရ ယမန်နေ့က အစိုးရစစ်တပ်မှ ၁၂၀ မမ လက်နက်ကြီး ပစ်ခတ်စဉ်မတော် တဆ ကျည်ပေါက်ကွဲမှုဖြစ်ပြီး ၁၁ ဦးကျဆုံး၍ ၃ ဦး ဒဏ်ရာရရှိကြောင်း သိရသည်။

***၂၈ စက်တင်ဘာ ၂၀၁၁ သျှမ်းသံတော်ဆင့်***

**စာမျက်နှာ ၄ မှ အစိုးရတပ်ကိုလိုက်လံတိုက်ခိုက်မှုအဆက်**

အနည်းဆုံး ဖ ဦးသေဆုံးကြောင်း၊ အစိုးရတပ်က နမ့်ဆန်ယန် ကျေးရွာသို့ လက်နက်ကြီး များ ဖြင့် ပစ်ခတ်ခဲ့ကြောင်း ဦးလနန် က ပြောသည်။

နမ့်ဆန်ယန် ကျေးရွာရှိ နေအိမ်များ၊ အမေ့အိမ် တည်းခိုခန်း၊ ကျောင်းအားက စားကွင်း၊ စစ်ဖက်ဆိုင်ရာ လုံခြုံရေးအဖွဲ့(စရဖ) ရုံး အနီးတဝိုက်တွင် လက်နက်ကြီးကျည် တချို့ကျခဲ့သော်လည်း အသေအပျောက် မရှိကြောင်း၊ သို့သော် လည်း ဒေသခံများအတွက် စိုးရိမ်ကြောင်း ဦးလနန်က ပြောသည်။

"သူတို့ဘက်က ထိခိုက်မှုများလာပြီ ဆိုရင် ဒီရွာသားတွေကို နှိပ်စက်တာမျိုး အမြဲတမ်း လုပ်လေ့ရှိတယ်" ဦးလနန်က ပြောသည်။

ဤအတောအတွင်း အစိုးရတပ်များက ရှမ်းပြည် တပ်မတော် **(SSA)** မြောက် ပိုင်း ဝမ်ဟိုင်း ဌာနချုပ် အနီးအနားတွင်လည်း အင်အားတိုးချဲ့နေကြောင်း သိ ရသည်။တိုးချဲ့သည့်တပ်များ ခြံုခို တိုက်ခိုက်မည်ကို စိုးရိမ် သဖြင့် ဒေသခံများကို ဖမ်းဆီး ခေါ်ဆောင်သွားသည် SSAက ဆိုသည်။

"ခိုလမ်ကနေ မိုင်းနောင်ဖက်ကို စစ်ကား ၁၀ စီး ထပ်လာတယ်၊ မိုင်းနောင်က နေ ကျေးသီးဖက်ကို ဆက်သွားတယ်၊ အဲဒါရွာသား (၃၅)ယောက်၊ ရဟန်း ၁၀ ပါးကို ခေါ်သွားတယ်" **SSA** မြောက်ပိုင်းမှ ဗိုလ်မှူး စိုင်းလှကရောဝတီကို ပြောသည်။

ရှမ်းပြည်နယ်အတွင်း တန့်ယန်း၊ မိုင်းရှူး၊ သီပေါတို့တွင် တိုက်ပွဲငယ်များ ဖြစ်ပွား နေကြောင်း သိရသည်။

**၁၉ စက်တင်ဘာလ ၂၀၁၁ ဧရာဝတီ**

## ကေအဲန်ယူမိုင်းနင်းမိ၍ အရပ်သားတစ်ဦး သေဆုံးဟု အစိုးရသတင်းထုတ်ပြန်



ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ဝါးတောကြီးရွာသားကျေးရွာသားတစ်ဦးသည်ပြီးခဲ့သည့် စက်တင်ဘာလ ၂၄ ရက်နေ့ က ကေအဲန်ယူတပ် ဖွဲ့ဝင်များထောင်ထားသော မိုင်းတစ်လုံး တက်နင်းမိ၍ ပွဲချင်းပြီးသေဆုံး ခဲ့သည် ဟု ယမန်နေ့ ထုတ်အစိုးရပိုင် ကြေးမုံသတင်းစာတွင် ပါရှိသည်။

အစိုးရပိုင် ကြေးမုံသတင်းစာဖော်ပြချက်အရ ပြီးခဲ့သည့် စက်တင်ဘာလ ၂၄ ရက်နေ့ ညနေ ၃နာရီခန့်တွင် ဝါးတောကြီး ရွာသားနှစ်ဦးဖြစ်သည့် ကိုချစ်ထွန်း နှင့် ကိုစစ်နိုင် တို့သည် ရွာ၏အရှေ့ဘက် နှစ်မိုင်ခန့်အကွာတွင် ဝါးခုတ်နေစဉ် ကေအဲန်ယူတပ်ဖွဲ့ ဝင်များထောင်ထားသော မိုင်းတစ်လုံးနင်းမိ၍ ကိုစစ်နိုင် ၂၇နှစ်၏ ဘယ်ခြေချင်းဝတ်မှ ပြတ်သည့်အပြင်မေးစေ့အောက် မိုင်းစဖောက်ဝင်ဒဏ်ရာရရှိပြီး နေရာ၌ပင် ပွဲချင်းပြီးသေဆုံးခဲ့သည်ဟု ဖော်ပြထားသည်။ အဆိုပါ သတင်းဖော်ပြချက်အပေါ် ကရင်အမျိုးသားအစည်းအရုံးကေအဲန်ယူ ၏ ဒုဥက္ကဋ္ဌ စောဒေးဗစ်သကဘော က ၎င်းတို့ ကေအဲန်ယူတပ်ဖွဲ့၏ လက်ချက်မဟုတ်ကြောင်း ငြင်းဆိုလိုက်ပြီး

**စာမျက်နှာ– ၁၃ သို့**

**စာမျက်နှာ ၅ မှ အစိုးရစစ်သည် ၄ ဦး ကျဆုံး မှ အဆက်**

ထို့အပြင် ထိုနေ့မွန်းလွဲ ၃နာရီအချိန်တွင် ကော့ကရိတ်မြို့၏ အရှေ့မြောက်ဘက်ခြမ်း(၂၅)ကီလိုမီတာ အကွာအဝေးရှိ အောက်ဘိုတဲနေရာတွင် အဆိုပါပူးပေါင်းတပ်ဖွဲ့က ကော့ကရိတ်–မြဝတီကားလမ်းတွင် ပြေးဆွဲနေသော မှန်လုံကားတစ်စီးကို မီးရှို့ဖျက်ဆီးခဲ့သည်ဟု သိရသည်။

၎င်းကိစ္စနှင့်ပတ်သက်၍ ကေအိုင်စီမှ ဗိုလ်မှူးစောဆန်းအောင်အား မေးမြန်းရာ "ကြံ့ဖွံ့အစိုးရနဲ့ ကိုယ်ကျိုးကြည့်နေတဲ့ လက် နက်ကိုင်အဖွဲ့တွေ ပူးပေါင်းပြီး စီးပွားရှာနေတဲ့ ကားမှန်သမျှကို လုပ်နိုင်သလောက် လုပ်ပါလို့ ကျနော်တို့ ဗိုလ်ချုပ်စောလား ပွယ်ကညွန်ကြားထားပါတယ်။ သာမန်အရပ်သားဥစ္စာက လွဲရင်ပေါ့။ ဒါကြောင့် ကျနော်တို့လုပ်တာဖြစ်တယ်။"ဟု ပြန်လည် ဖြေကြားသည်။

ကားသမားများနှင့် ရင်းနှီးသူတစ်ဦးက "အခုမီးရှို့ခံလိုက်ရတဲ့ ကားသမားက အပြောမတတ်တာလည်း ပါတယ်။ ဟိုက တောင်း တာက ၂သိန်း။ အဲဒါကို ကားသမားက ဖသောင်းပဲပါတယ်။ ယူချင်ယူ မယူချင်နေဆိုတော့ လူတွေကို ဆင်းခိုင်းပြီး ကားကို မီး ရှို့ပစ်လိုက်တာပေါ့။ ကားပိုင်ရှင်က ဖြေရှင်းဖို့လိုက်ပါသေးတယ်။ ဒါပေမဲ့ မမီတော့ဘူးလေ။ ကားမောင်းသူက ဘယ်ရှုံးမလဲ။ ကားအုံနာပဲ နစ်နာတာပေါ့။"ဟု ဆိုသည်။

အဆိုပါ မှန်လုံကားကြီး မီးရှို့သည့်အချိန်တွင် ကော့ကရိတ်မြို့ နေပူခံကုန်းရှိ အစိုးရစစ်တပ်၏ လက်နက်ကြီးတပ်ဖွဲ့မှ လက် နက်ကြီးများဖြင့် လှမ်း၍ပစ်ခတ်မှုများ အချိန်အတော်ကြာ လုပ်ခဲ့သေးသည်ဟု ဗိုလ်မှူးစောဆန်းအောင်က ဆက်ပြောသည်။

ပြီးခဲ့သည့် ရက်သတ္တပတ်ကလည်း နယ်ခြားစောင့်တပ်မှ ဗိုလ်ချစ်သူ လက်မှတ်ပါသည့် ဟိုင်းလက်ကားတစ်စီးကိုလည်း ဒီကေဘီအေ အဖွဲ့မှမီးရှို့ခဲ့သေးသည်ဟုလည်း ကုန်သည်များနှင့် ကားသမားများက ပြောဆိုနေကြသည်။

ဗိုလ်မှူးချုပ်စောလားပွယ် ဦးစီးသည့် ဒီကေဘီအေ အဖွဲ့သည် ယခုနှစ် ဖေဖော်ဝါရီလက မြဝတီ–ကော့ကရိတ် တောင်ပေါ်ကား လမ်းတွင်သွားလာနေသည့် ကားကြီးကားငယ်များကို တနှစ်စာ အခွန်ပေးဆောင်ရန် စာထုတ်ထားပြီးနောက် ကားသမားများ ထံမှ ငွေကောက်ခံနေခြင်းဖြစ်သည်။ အလားတူ စက်တင်ဘာလ ၂၄ရက်နေ့ ညနေ ဖနာရီကျော်အချိန်တွင် ဒီကေဘီအေ ကလို့ထူးဘောဌာနချုပ်စစ်ကြောင်းနှင့် ကေအဲန်အယ်လ်အေ (၂၀၁) တပ်ရင်းတို့ပူးပေါင်း၍ မြဝတီမြို့၏ တောင်ဘက်ခြမ်း ဝေါ်လေဒေသ၊ ဇျူဟာကုန်းရှိ ဗိုလ်မှူးကြီး ရဲမင်း ဦးစီးသည့် နည်းဗျူဟာ (၂) ကို ဆယ်မိနစ်ကျော် ဝင်ရောက်ပစ်ခတ်ခဲ့သော်လည်း ထိခိုက်ကျဆုံးမှုကို မသိရှိရကြောင်း ကေအဲန်အယ်လ်အေဘက်က ပြောသည်။

**၂၆ စက်တင်ဘာ ၂၀၁၁ ကေအိုင်စီ**



## National Democratic Front -NDF

### Member Organizations



ALP



CNF



KNU



LDU



NMSP



PNLO



PSLF



WNO

## စာမျက်နှာ– ၃ မှ အင်တာဗျူး အဆက်

မေး။ ။ တိုက်ပွဲတွေ အားလုံး လေးငါးရက် ဆက်တိုက် ဖြစ်လိုက်ပြီ ဆိုတော့ KIA တပ်မဟာ ၄ ရဲ့ စစ်ရေး၊ စီးပွားရေး၊ နယ်မြေ စိုးမိုးမှုတွေ နောက်ဆုံး အခြေအနေ ဘယ်လိုရှိသလဲ။

ဖြေ။ ။ ဒီကိစ္စနဲ့ ပတ်သက်လို့ကတော့ လောလောဆယ် ကျနော် ပြောဖို့ခက်ပါတယ်။ နယ်မြေ စိုးမိုးမှု ဆိုတာလဲ သူတို့ ဘယ်လိုမှ ဒါတွေကို အကုန်လုံး စိုးမိုးလို့ရတာ မဟုတ်ပါဘူး။ နေရာတိုင်းမှာ ကျနော်တို့ ရှိပါသေးတယ်။ ဘယ်လို ဆက်ဖြစ်လာမလဲ ဆိုတာ သူတို့ ထိုးစစ်အပေါ်မှာ မူတည်တယ်။ သူတို့ ထိုးစစ်က ဘယ်လောက်အထိ ပြင်းထန်လာမလဲ၊ သူတို့ရဲ့ နယ်မြေ စိုးမိုးမှုတွေဟာ ဘယ်အတိုင်း အတာအထိ လုပ်လာမလဲ၊ ကျနော်တို့ရဲ့ တုံ့ပြန်မှုဟာ ဘယ်လောက် ရှိလာမလဲ ဆိုတာ ဒီအခြေအနေပေါ်မှာ မူတည်ပါလိမ့်မယ်။

မေး။ ။ တိုက်ပွဲတွေနဲ့ ပတ်သက်ပြီးတော့ အစိုးရဘက်က ဗိုလ်မှူးကြီး သန်းအောင်တို့က တခုခု လှမ်း အကြောင်းကြားလာတာ ရှိပြီလား။

ဖြေ။ ။ အကြောင်းကြား ဆက်သွယ်လာတာ မရှိပါဘူး။

မေး။ ။ တရုတ်အစိုးရဆီကတော့ ခုစစ်ပွဲနဲ့ ပတ်သက်ပြီး ဘာပြောသံမှ မကြားရသေးဘူး။ တရုတ်ယူနန် အာဏာပိုင်တွေကကော ဒါနဲ့ပတ်သက်ပြီး ဘယ်လို ပြောဆို လုပ်ကိုင်နေတာရှိလဲခင်ဗျ။

ဖြေ။ ။ ကျနော်ယူဆတာကတော့ သူတို့က နှုတ်ပိတ်ပြီး နေနေတာပါပဲ။ နည်းနည်း သူတို့နဲ့ ဖြစ်တဲ့ကိစ္စတခုကတော့ ဒုက္ခသည်တွေကို လက်မခံတဲ့ ကိစ္စပဲ၊ ဒါကို ကျနော်တို့ ကသိကအောင့် ဖြစ်နေတာ။ ဒုက္ခသည်တွေကို သူတို့ လက်ခံဖို့ သင့်ပါတယ်။

မေး။ ။ လက်ရှိ ဖြစ်နေတဲ့ အစိုးရရဲ့ ထိုးစစ်ကြီးတွေ ဘယ်အခြေအနေအထိ ရောက်သွားမယ်လို့ သုံးသပ်လို့ရလဲခင်ဗျ။

ဖြေ။ ။ ဒါကတော့ သူတို့အပေါ် မူတည်တယ်၊ သူတို့က နိုင်ငံရေးကို မပြောချင်ဘဲနဲ့ ထိုးစစ် ဆက်လုပ်သွားမယ် ဆိုရင် ပြည်တွင်းစစ် ရှည်မယ်၊ နိုင်ငံရေး စကားပြောမယ် ဆိုရင်တော့ ကျနော်တို့ ဘက်က အဆင်သင့်ပါပဲ။

*၂၉ စက်တင်ဘာ ၂၀၁၁ ရေဝတီ*

# မွန်ပြည်သစ်နှင့် ဆွေးနွေးရန် ပြည်နယ်အစိုးရ ပြင်ဆင်

မြန်မာအစိုးရကို လက်နက်ကိုင် တော်လှန်နေသော မွန်ပြည်သစ်ပါတီနှင့် ငြိမ်းချမ်းရေးဆွေးနွေးရန် အစိုးရမှ ငြိမ်းချမ်းရေး ကိုယ်စားလှယ် အဖွဲ့တဖွဲ့ကို ဖွဲ့စည်းနေရာ မွန်ပြည်သစ် ပါတီခေါင်းဆောင်ဟောင်း များလည်း ပါဝင်လာသည်ဟု မွန်ပြည်နယ်အစိုးရနှင့် နီးစပ်သော သတင်းရပ်ကွက်များက ပြောသည်။ မွန်ပြည်နယ် အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး နိုင်လဝီအောင် (ခေါ်) နိုင်မြင့်ဆွေ ဦးဆောင်ပြီး အခြားသော မွန်ပြည်သစ် ခေါင်းဆောင်ဟောင်း နှစ်ဦး၊ မွန်ဒေသလုံးဆိုင်ရာ ဒီမိုကရေစီပါတီ (AMDP) ထိပ်ပိုင်းခေါင်းဆောင်တဦး နှင့် ဩဇာတိက္ကမ ရှိသည့် ဆရာတော်တပါး ပါဝင်ကြောင်းကိုယ်စားလှယ်များနှင့် သွားရောက်ညှိနှိုင်းရာတွင် ပါဝင်သူတဦးက ပြောသည်။

ဗိုလ်ချုပ်မှူးကြီးသန်းရွှေ ဦးဆောင်သော ယခင် စစ်အစိုးရ လက်ထက် အပစ်ခတ်ရပ်စဲမှု သဘောတူညီချက် စတင် ရရှိခဲ့သည့် ၁၉၉၅ ခုနှစ်နှင့်အပစ်ရပ် ပျက်သွားခဲ့သော ၂၀၁၀ ခုနှစ်အတွင်း မွန်ပြည်သစ် ပါတီခေါင်းဆောင် ၂၀ ခန့် အနားယူ သွားခဲ့ကြ သည်။ ထိုသူများအနက် နိုင်လဝီအောင်မှာ ဦးသိန်းစိန် ခေါင်းဆောင်သော အစိုးရက ၂၀၁၁ ခုနှစ်တွင် ပြည်နယ်အစိုးရ ပြောင်း လဲ ဖွဲ့စည်းရာတွင် ပါလာခဲ့သည်။သီးခြား အတည်မပြုနိုင်သော်လည်း ပြည်နယ်အစိုးရဘက် ကိုယ်စားလှယ်အဖွဲ့တွင် မွန်ပြည်သစ် ပါတီခေါင်းဆောင်ဟောင်း ဖြစ်သူ နိုင်တင်အောင်ကိုလည်း ရွေးချယ်ထားသည်ဟု ဆိုသည်။ ကိုယ်စားလှယ်အဖွဲ့ဝင်များကို နေပြည်တော်မှ အတည်ပြုပေးရန် လိုအပ်သည်။

“အခု လောလောဆယ် တရားဝင် မကြေညာရသေးဘူး ဆိုတော့ ပြောလို့ မရသေးဘူးပေါ့နော်။ ဗနပြည်တော်က အတည်ပြုပေးဖို့ ကျန်ပါသေးတယ်” ဟု နိုင်တင်အောင်က ပြောသည်။



“အခြေအနေကို ကြည့်ရတာ ကောင်းတဲ့ လက္ခဏာ ရှိတယ်။ ဒီဆွေးနွေးပွဲကနေတဆင့်သုံးပွင့်ဆိုင်ဆွေးနွေးပွဲပေါ်လာနိုင် တယ် “ ဟုဆိုကာ ဗဟိုအစိုးရ၊ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သော ဒီမိုကရေစီလိုလားသည့်အတိုက်အခံ အင်အားစုနှင့် တိုင်းရင်းသားအဖွဲ့များ၏ ဆွေးနွေးမှုပေါ်ပေါက်လာနိုင်သည်ဟုပင်သူက ညွှန်းဆိုပြော သည်။

နိုင်တင်အောင်သည် ၁၉၅၈ခုနှစ်က ဦးနု အစိုးရထံ လက်နက်အပ်ခဲ့သည့် မွန်ပြည်သူ့တပ်ဦး ဉက္ကဋ္ဌ နိုင်အောင်ထွန်း၏သားဖြစ်သည်။ ၁၉၈၀ နှောင်းပိုင်းတွင် နှစ်ခြမ်းကွဲသွားသော မွန်ပြည်သစ်ပါတီကို ပြည်လည် ပေါင်းစည်းရန် စွမ်းဆောင်ရာတွင် ပါဝင် ခဲ့သူတဦး ဖြစ်သည်။ ယခင်စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲပြီးနောက် ၂၀၀၀ ပြည့်နှစ်တွင် ပါတီမှ အနားယူခဲ့သည်။

ဩဂုတ်လ ၁၈ ရက် နေ့စွဲဖြင့် အစိုးရက “ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ခြင်း” ကြေညာချက်ကို ထုတ်ပြန်ခဲ့ပြီး “ငြိမ်းချမ်းရေး ဆွေးနွေးလိုသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် ပဏာမအဆင့် အနေဖြင့် တဖွဲ့ချင်းအလိုက် သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်” ဖော်ပြ ပါရှိသည်။

မြန်မာနိုင်ငံတောင်ပိုင်း မွန်ပြည်နယ် ရေးချောင်းဖျားတွင် အခြေစိုက်သော အင်အားသုံးထောင်ရှိ မွန်ပြည်သစ်ပါတီကို အစိုးရမှ ငြိမ်းချမ်းရေး ဆွေးနွေးရန် မကမ်းလှမ်းရသေးကြောင်း၊ ကမ်းလှမ်းလာပါကလည်း ကြိုဆိုကြောင်းပြောသည်။

“တကယ်လို့ ဒီလိုကမ်းလှမ်းတာကို ကျနော်တို့ လက်မခံဘူးဆိုရင် ငြိမ်းချမ်းရေးကိစ္စ လမ်းပိတ်သွားနိုင်တယ်။ အစိုးရသစ် တက်စမှာ ဒီလို လုပ်လေ့လုပ်ထရှိတယ်။ အားလုံးကိုလည်း ယုံလို့ မရသေးဘူး။ မကောင်းဘူးလို့ လည်း ပြောလို့ မရသေးဘူးပေါ့နော်။ စောင့်ကြည့်ဖို့ လိုသေးတယ်” ဟု ပါတီအထွေထွေ အတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။

UNFC အနေနှင့် မိမိအဖွဲ့ဝင်များအား သက်ဆိုင်ရာ ပြည်နယ်အစိုးရနှင့် ငြိမ်းချမ်းရေးအတွက် ပဏာမ ဆွေးနွေးခြင်းကို ခွင့်ပြုထားကြောင်း၊ သို့သော်လည်း အပစ်အခတ် ရပ်စဲရေးနှင့် နိုင်ငံရေးကို ဆွေးနွေးပါက တပ်ပေါင်းစု အနေနှင့်သာ ဆွေးနွေးရလိမ့်မည် ဖြစ်ကြောင်း UNFC အထွေထွေ အတွင်းရေးမှူး နိုင်ဟံသာက ပြောသည်။ဖက်ဒရယ် ပြည်ထောင်စု ပေါ်ထွန်းရေးအတွက် ပြီးခဲ့သည့် ဖေဖော်ဝါရီလ ၁၇ ရက်နေ့တွင် အပစ်ရပ်နှင့် အပစ်မရပ် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ ၁၂ ဖွဲ့က အခြေခံ ၆ ဖွဲ့နှင့် မဟာမိတ် ၆ ဖွဲ့အဖြစ် ဖွဲ့စည်းပြီး အစိုးရက စစ်ရေး၊ နိုင်ငံရေးအရ ဖိအားပေးလာလျှင် စုပေါင်း၍ ခုခံကာကွယ်နိုင်ရန်အတွက် UNFC ကို ဖွဲ့စည်းခဲ့သည်။

UNFC တွင် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ KIO၊ မွန်ပြည်သစ်ပါတီ NMSP၊ ရှမ်းပြည်တိုးတက်ရေးပါတီ SSPPတို့သည် ယခင် စစ်အစိုးရနှင့် အပစ်အခတ် ရပ်စဲခဲ့ကြသောအဖွဲ့များ ဖြစ်ပြီး နယ်ခြားစောင့်တပ် သို့မဟုတ်ပြည်သူ့စစ် အသွင်ပြောင်းရန် ဖိအားပေးခံရပြီးနောက် အပစ်အခတ် ရပ်စဲရေး ပျက်ပြားခဲ့သည်။

၂၃ စက်တင်ဘာလ ၂၀၁၁ မဇ္ဈိမ

# SSA-N ကို အစိုးရတပ်များ တောနင်းရှာဟုဆို



မြန်မာအစိုးရကို လက်နက်ကိုင် တော်လှန်နေသည့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း **SSA-N** တပ်များကို အစိုးရတပ်မှ တောနင်းရှာဖွေလျက်ရှိကြောင်း **SSA-N**ပြောခွင့်ရသူ ပြောသည်။

"အခုစစ်တပ်တွေက ကျနော်တို့လှုပ်ရှားနေတဲ့ နယ်မြေတွေထဲ တမြို့နယ်ချင်းစီကို စစ်ကြောင်းတွေခွဲပြီး ပိုက်စိပ်တိုက် တောနင်းရှာနေတာ တချို့နေရာတွေမှာ ကျနော်တို့ တပ်တွေနဲ့ ထိပ်တိုက် ရင်ဆိုင်မိပြီး တိုက်ပွဲဖြစ်တာတွေတောင် ရှိတယ်"ဟု ဗိုလ်မှူး စိုင်းလှက မဇ္ဈိမကို ပြောသည်။

အစိုးရ စစ်တပ်၏ အရှေ့ မြောက်ပိုင်းတိုင်း၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တပ်များနှင့် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံ တပ်များမှ ရှမ်းပြည်နယ်အတွင်းရှိ မိုင်းရှူး၊ ကျေးသီး၊ မိုင်းယိုင်၊ သီပေါနှင့် မိုင်းနောင်မြို့နယ်များရှိ **SSA-N**ပျောက်ကျားတပ်များကို အပူတပြင်း ရှာဖွေနေခြင်းဖြစ်ကြောင်း ဗိုလ်မှူးစိုင်းလှ က ဆက်ပြောသည်။

စက်တင်ဘာလ ၂၂ ရက်နေ့က တောနင်းဝင်ရောက်လာသည့် အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်ခံခမရ ၅၀၆ တပ်ရင်း တပ်အင်အား ၅၀ ခန့်နှင့် **SSA-N** လက်အောက်ခံ ပျောက်ကျား တပ်များ ကျေးသီးမြို့နယ်နှင့် သီပေါမြို့နယ် အစပ်တွင် ထိပ်တိုက် ရင်ဆိုင်မိကာ ၁၅ မိနစ် အကြာ တိုက်ပွဲဖြစ်ပွားခဲ့သေးသည်။

ယင်းတိုက်ပွဲတွင် **SSA-N** တပ်များက နယ်မြေကျွမ်းကျင်မှုနှင့် လက်ဦးမှု ယူကာ တိုက်ခိုက်ခဲ့သဖြင့် ခမရ ၅၀၆ တပ်မှ ၇ ဦး'ဏ်ရာ ရရှိ ခဲ့ပြီး သေဆုံးသူ မရှိကြောင်း **SSA-N** ဘက်က ပြောသည်။အစိုးရတပ်များ တောနင်းရှာဖွေမှုကြောင့် **SSA-N** တပ်များမှာလည်း မကြာခန နေရာရွှေ့ပြောင်းရသဖြင့် စားဝတ်နေရေး အခက်အခဲဖြင့် ရင်ဆိုင်နေရသည်ဟုလည်း သိရသည်။ မိုးတွင်းကာလ အစိုးရတပ်မှ တောနင်း ရှာချိန်တွင်တောတွင်း စခန်းချနေထိုင်သည့် **SSA-N** တပ်များမှာ စခန်း ဆောက်မနေနိုင်ဘဲ မိုးကာစ ခြုံကာနေရသည်များပင် ရှိနေကြောင်း **SSA-N**စစ်မြေပြင် သတင်းများ အရသိရသည်။

ထို့ပြင်အစိုးရတပ်က **SSA-N** နှင့် နီးစပ်သည်ဟု ယူဆရသော ကျေးရွာများကို **SSA-N**၏ လှုပ်ရှားမှုများကို မေးမြန်း၊ စုံစမ်းခြင်းများ ပြုလုပ်ရာ ရွာသားများကို ညှင်းပန်း နှိပ်စက်ခြင်းများ၊ အမျိုးသမီးငယ်များကို အ"မ္မပြုကျင့်ခြင်းများ ကိုပင် ပြုလုပ်ကြောင်း ဗိုလ်မှူးစိုင်းလှက ပြောသည်။

အရှေ့မြောက်ပိုင်းတိုင်း စစ်ဌာနချုပ် လက်အောက်တွင် တာဝန်ထမ်းဆောင်နေသည့် တပ်ရင်း အရာရှိ တဦးကမူမိမိတို့ အနေဖြင့် အထက်အမိန့်အရ လက်နက်ကိုင် သူပုန်များကို နှိမ်နင်းရန် တောနင်း ရှာဖွေခြင်းသာ ဖြစ်ပြီးဒေသခံ ရွာသားများကို ညှင်းပန်း နှိပ်စက်ခြင်းများ ပြုလုပ်ခြင်းမရှိဟု ပြောသည်။

"သူပုန်တွေ ကျက်စားတဲ့ နေရာတွေကို ကျနော်တို့ စိုးမိုးနိုင်ဖို့ နယ်မြေ ရှင်းလင်းရေး လုပ်တဲ့ သဘောပါ။ သူတို့ပြောသလို မုဒိမ်းကျင့်တာတို့၊ ရွာသားတွေကို ညှင်းပန်းနှိပ်စက်တာတို့ ကျနော်တို့ မလုပ်ပါဘူး။ ကျနော်တို့အလုပ်က ရန်သူ့စခန်းတွေကို လိုက်ရှာပြီးရှင်းဖို့ပဲ" ဟု အဆိုပါ စစ်တပ် အရာရှိက မဇ္ဈိမကို ပြောသည်။

**SSA-N**က ယခုအခါတွင် တပ်စုများကို ပျောက်ကျားတပ် အသွင်ပြောင်းကာ စုဖွဲ့ နေထိုင်လျက်ရှိပြီး အစိုးရတပ်များကို အလုံးအရင်းဖြင့် ရေရှည်ခုခံ တိုက်ခိုက်သွားနိုင်မည့် အနေအထား မရှိကြောင်း အထက်ပါ အရာရှိကပင် ဆက်လက် ပြောဆိုသည်။

အစိုးရဘက်မှ "ငြိမ်းချမ်းရေး ဆွေးနွေးရန် ဖိတ်ခေါ်ခြင်း" ကြေညာချက်ကို ဩဂုတ်လ ၁၈ ရက် နေ့စွဲဖြင့် ထုတ်ပြန်ခဲ့ပြီး "ငြိမ်းချမ်းရေး ဆွေးနွေးလိုသော တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများသည် ပဏာမ အဆင့် အနေဖြင့် တဖွဲ့ချင်း အလိုက် သက်ဆိုင်ရာ ပြည်နယ် အစိုးရအဖွဲ့နှင့် ဆက်သွယ်ဆောင်ရွက်ရန်" ဖေါ်ပြပါရှိသည်။

အဆိုပါ ကြေညာချက် မထုတ်မီ တရက်အလိုတွင် ရှမ်းပြည် တိုးတက်ရေးပါတီက အဖွဲ့ဝင်အဖြစ် ပါဝင်သည့် ညီညွတ်သော တိုင်းရင်းသား လူမျိုးများဖက်ဒရယ်ကောင်စီ **UNFC** က ပြည်ထောင်စုတခုလုံး ယာယီအပစ်အခတ် ရပ်ရေး ကြေညာကာ နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေးရန် သမ္မတ ဦးသိန်းစိန်ထံ စာရေးသား တောင်းဆိုထားခဲ့သည်။သို့သော် အစိုးရတပ်များက ရှမ်းပြည်နယ် အတွင်း **SSA-N** တပ်များကို တိုက်ခိုက်ရန် ယခုကဲ့သို့ တောနင်း ရှာဖွေခြင်းများ ပြုလုပ်နေခြင်းသည် အစိုးရအနေဖြင့် ငြိမ်းချမ်းစွာဖြေရှင်းရန် အလားအလာ မရှိကြောင်းပေါ်လွင်နေသည်ဟုဗိုလ်မှူး စိုင်းလှ ကပြောသည်။

အစိုးရတပ်နှင့် **SSA-N** တို့အကြား ဖြစ်ပွားသည့် တိုက်ပွဲအတွင်း ရှမ်းပြည်မြောက်ပိုင်းတွင် ဒေသခံသုံးသောင်းကျော်ဘေးကင်းရာသို့ ထွက်ပြေးတိမ်းရှောင်နေရပြီး လူသားချင်း စာနာသည့် အထောက်အပံ့များ လိုအပ်နေကြောင်း ရှမ်းလူ့အခွင့်အရေး အဖွဲ့များက တောင်းဆိုထားသည်။

***၂၆ စက်တင်ဘာ ၂၀၁၁ မဇ္ဈိမ***

*စာမျက်နှာ –၆ စစ်ပြေငြိမ်းရေးမလွယ်တော့ဟု KIO ဆို မှ အဆက်*

စစ်ဗိုလ်တဦးကျဆုံးနှင့်တပ်သားနှစ်ဦး တို့ ဒဏ်ရာမှုများ ရှိသည်ဟု ဦးလနန်က ဆက်ပြောသည်။

အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ (ရမခ) လက်အောက်ခံ တပ်ရင်းများနှင့် သိန္နီမြို့အခြေစိုက် စစ်ဆင်ရေးနှင့် ကုတ်ကဲရေးဌာန (စကခ) ၁၆ များမှ ခလရ ၄၅၊ ၆၈၊ ၆၉၊ ၁၄၄၊ ၂၉၀၊ ခမရ ၅၂၂၊ ၅၀၂၊ ၅၀၇ နှင့် တပ်မ ၉၉ တို့မှအင်အား ၈၀၀ ကျော်တို့က **KIO** ၏ တပ်မဟာ (၄) လက်အောက်ခံတပ်ရင်း ၂၊ ၈ ၊ ၉ တပ်ဖွဲ့များအကြား ယခုလ၂၃ ရက်နေ့မှ စတင်ကာ တနင်္လာနေ့ထိ ဆက်တိုက်ယ တိုက်ပွဲများ ဖြစ်ပွားနေသည်ဟုလည်း ဦးလနန်ကဆိုသည်။

**KIO** အနေဖြင့် နိုင်ငံရေးအရ တွေ့ဆုံဆွေးနွေး လိုသော်လည်း မြန်မာအစိုးရဘက်မှ ယခုလို ထိုးစစ်ဆင်လာမှုသည်နိုင်ငံရေးကို စစ်ရေးနှင့် ဖြေရှင်းရန် ပေါ်လွင်နေပြီး သမ္မတ ဦးသိန်းစိန်၏ ငြိမ်းချမ်းရေးတွေ့ဆုံ ဆွေးနွေးရေး ထုတ်ပြန်ချက်နှင့် အစိုးရတပ်များ လုပ်ဆောင်မှုသည် ကွဲပြားနေသည်ဟုလည်း သူက ပြောသည်။

"ကျနော်တို့ ကေအိုင်အိုကို စစ်နဲ့ ခြိမ်းခြောက်ပြီးမှဘဲ နိုင်ငံရေးကို ဖြေရှင်းမယ်ဆိုရင်လုံးဝ လက်မခံနိုင်ဘူး၊ အခု ဒီပုံစံအတိုင်းဆိုရင် ငြိမ်းချမ်းရေးဆွေးနွေးမှုကတော့ အလှမ်းကွာဝေးသွားပြီဗျ၊ တိုက်ပွဲက ရပ်သွားမဲ့ပုံတော့ မရှိတော့ ဘူး။ အချိန်ကြာတိုက်ဖို့ စစ်မီးက ကြာသွားနိုင်တယ်"ဟု ပြောသည်။

**KIO** ထိန်းချုပ်ရာနယ်မြေတခုဖြစ်သော ကုတ်ခိုင်မြို့နယ် မန်ဂျေကျေးရွာ အနီးတဝိုက်၊ မူဆယ်မြို့နယ်ဒီမာ၊ ဟူးဖြတ်၊ ဒတ်နိုင်းနှင့် မန်တုံမြို့နယ်အတွင်း တိုက်ပွဲများ ဖြစ်ပွားနေဆဲ ဖြစ်သည်ဟုလည်း ဦးလနန်က ဆိုသည်။

တိုက်ပွဲများကြောင့် မူဆယ်မြို့နယ်နှင့် ကွတ်ခိုင်မြို့နယ်အတွင်းရှိ ကျေးရွာပေါင်း ၁၀ ခုကျော်မှ ဒေသခံရွာသားများ တနင်္ဂနွေနေ့မှ စတင်၍ တရုတ်–မြန်မာနယ်စပ်သို့ ထွက်ပြေး တိမ်းရှောင်နေကြသည်ဟု သိရသော်လည်း လူဦးရေ စာရင်းနှင့် မည်သည့်နေရာတွင် ရောက်ရှိနေသည်ကိုမူ မသိရသေးပါ။

ယင်းအပြင် ယခုလ ၂၄ ရက်နေ့ကလည်း **KIO** ၏ တပ်မဟာ (၃) အောက်မှ တပ်ရင်း ၁၆ နှင့် တရုတ်နယ်စပ်ရှိ လွယ်ဂျယ်အခြေစိုက် ခလရ ၃၄၁ တပ် ဖွဲ့တို့အကြား အပြန်အလှန်ပစ်ခတ်ခဲ့သဖြင့် ဒေသခံ တချို့ တရုတ်နိုင်ငံဘက်သို့ ထွက်ပြေး တိမ်းရှောင်နေမှုများလည်း ရှိနေသည်ဟု သိရသည်။

ထိုစဉ်တွင် ဧရာဝတီမြစ်ဖျားရှိ မြစ်ဆုံရေကာတာ တည်ဆောက်ရေးလုပ်ငန်းအတွက် တရုတ်နိုင်ငံဘက်မှ ဘိလပ်မြေ၊ သံထည်ပစ္စည်းများတင်သွင်းလာခြင်းကို ပြီးခဲ့သည့်လက KIO က ထိန်းချုပ်ပိတ်ပင်ခဲ့သဖြင့် လုပ်ငန်းရပ်ရသည့်အထိ ရှိခဲ့သော်လည်း လက်ရှိ မြစ်ကြီးနားမြို့ပေါ်ရှိ ဆောက်လုပ်ရေးပစ္စည်းဆိုင်များမှ ဈေးပိုပေး၍ ဘိလပ်မြေများ ဝယ်ယူနေသည်ဟုလည်း KIO က ပြောသည်။

*၂၆ စက်တင်ဘာ ၂၀၁၁ မဇ္ဈိမ*

## မုန်းကို ။ KIA တိုက်ခိုက်မှုတွင် မြန်မာစစ်သား ၄ ဦးကျ ၊ ၅ ဦး ဒဏ်ရာရ



ရှမ်းပြည်မြောက်ပိုင်း မူဆယ်မှ မုန်းကိုဒေသသို့ ဦးတည်လာသော မြန်မာအစိုးရစစ်ကား (၃) စီးအား လမ်းခုလတ်တွင် **KIA** မှ စက်တင်ဘာ ၃၀၊ သောကြာနေ့ ၁ နာရီကျော်တွင်တိုက်ခိုက်ခဲ့ရာ မြန်မာစစ်သား(၄)ဦး ကျကာ(၅) ဦး ဒဏ်ရာရခဲ့ကြောင်း ဒေသခံများပြောသည်။

ယခု တိုက်ခိုက်မှုသည် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **(KIA)** မှ မုန်းကိုဒေသတွင် ဒုတိယအကြိမ်တိုက်ခိုက်ခြင်းလည်းဖြစ်သည်။

ယင်းပစ်ခတ်မှုသည် နမ့်ဆူနှင့် နော်ဂိုကြား(ပန်ဆိုင်းနှင့် မုန်းကို ကြား) တွင်ဖြစ်ပြီး တိုက်ခိုက်မှုကို မုန်းကိုး အခြေစိုက်**KIA**တပ်ရင်း ၃၆ နှင့် ၃၈ တို့ ပြုလုပ်ခြင်းဖြစ်သည်ဟု ဒေသဆိုင်ရာ **KIA** အရာရှိများပြောသည်။

ဒဏ်ရာရရှိသူများတွင် ၂ ဦးအား မုန်းကိုး **(Mungu)** ဆေးရုံသို့ ပို့ထားကြောင်း ဒေသခံများပြောသည်။

မြန်မာစစ်ကားအား အချိန်တို စောင့်ကြိုပစ်ခတ်မှုအတွင်း **KIA** ဘက်မှ ဒဏ်ရာရ သေဆုံးသူ မရှိကြောင်း **KIA** မုန်းကိုးတပ် အရာရှိတစ်ဦးက ပြောသည်။

ပထမဆုံး မြန်မာစစ်တပ်အား မုန်းကိုးတွင် **KIA** မှ တိုက်ခိုက်မှုအား ယခုလ စက်တင်ဘာ ၁၈ ရက်တွင်ပြုလုပ်ခဲ့ရာ အစိုးရစစ်သား (၇) ဦးသေဆုံးပြီး (၄) ဦး ဒဏ်ရာရခဲ့သည်။

စက်တင်ဘာ ၂၄ မှ စကာ မြန်မာစစ်တပ်က ရှမ်းပြည်မြောက်ပိုင်းရှိ **KIA** တပ်များအား ပြင်းပြင်းထန်ထန်ထိုးစစ်ဆင်ရာ နှစ်ဖက်စစ်ပွဲများ ကွတ်ခိုင်၊ နမ့်တူ၊ မန်တုံနှင့် မူဆယ် ဒေသများသို့ ကျယ်ပြန့်လာနေပါသည်။

*၃၀ စက်တင်ဘာ ၂၀၁၁ ကေအန်ဂျီ*

**စာမျက်နှာ– ၁ မှ ပဒိုမန်းငြိမ်းမောင် ပျောက်ဆုံးမှု မှ အဆက်**

“ထိုင်းကလည်း ဗီဇာသက်တမ်းကုန်တဲ့ ပုဂ္ဂိုလ်ကို မထားနိုင်ဘူးဆိုပြီး ပြန်ပို့တယ်။ ကူမင်းလေဆိပ်ကလည်း အဆင်းမခံဘူး။ ကူမင်းမှာပဲအစပျောက်သွားတယ်။ လေယာဉ်ကုမ္ပဏီကလည်း မသိဘူးပဲ ပြောတယ်” ဟု ၎င်းက ပြောသည်။

“ပျောက်ဆုံးနေတာကို အပိုင်အနိုင် ဖော်ထုတ်လောက်အောင်၊ ကိုင်တွယ်လောက်အောင် မရသေးတဲ့ အတွက် မထုတ်ပြန်သေးဘူး။ ဆက်လက်လိုက်နေဆဲပဲ”ဟု စောလဝ္ဓေက ထပ်ပြောသည်။

မန်းငြိမ်းမောင်အား တရုတ်အာဏာပိုင်များက မြန်မာအစိုးရထံသို့ လွှဲပြောင်းပေးအပ်လိုက်ကြောင်း သတင်းများ ထွက်ပေါ်နေသော်လည်း အတည်မပြုနိုင်သေးကြောင်း **KNU** က ပြောသည်။ **KNU** ဗဟိုကော်မတီဝင် မန်းငြိမ်းမောင်မှာ ကိုယ်ရေးကိုယ်တာကိစ္စဖြင့်တာဝန်မှ ခွင့်ပေးထားသည်မှာ ၈ လကျော် ကြာခဲ့ပြီ ဖြစ်ပြီး ဗဟို နှင့် အဆက်အသွယ် ပြတ်နေခဲ့ခြင်း ဖြစ်သည်။ ယခု တရုတ်ပြည် ခရီးစဉ်မှာလည်း မိခင်အဖွဲ့အစည်း တာဝန်ဖြင့်သွားရောက်ခြင်း မဟုတ်ဘဲ မိမိဆန္ဒအလျောက် သွားရောက်ခြင်း ဖြစ်ကြောင်း သိရသည်။

သို့သော် မန်းငြိမ်းမောင်မှာ ယခုချိန်ထိ တရုတ်ပြည်ထဲတွင် ရှိနေဆဲဖြစ်ကြောင်း သတင်းများလည်း ထွက်ပေါ်နေပြီး တဖက်မှလည်း မြန်မာအစိုးရဖမ်းဆီးမှုကို ခံနေရကြောင်းလည်း သတင်းများ ထွက်ပေါ်နေရာ သတင်းထုတ်ပြန်ရ ခက်နေကြောင်း ဗိုလ်မှူးစောလဝ္ဓေက ပြောသည်။

“အခြေအနေက မပိုင်သေးတော့ မတော်တဆများ တရုတ်ပြည်ထဲမှာ ရောက်နေမလားဆိုတော့ ကိုယ်ကဒီကနေ လှမ်းအော်လိုက်ရင်လည်း သူ့အတွက် ပြဿနာ ဖြစ်မှာစိုးလို့၊ နောက်ပြီး အဲဒီကိစ္စကို မဖော်ဘူးဆိုရင်လည်းပဲ အထဲမှာ သူ့ကို မတရားသောအားဖြင့် အပြုံးအာဃာတနဲ့ နှိပ်စက်ညှဉ်းပမ်းတာလုပ်မှာ အစဖျောက်မှာလည်း စိုးရိမ်ရ။ အဲဒီကြားထဲမှာ လိုက်နေတာပဲ”

မန်းငြိမ်းမောင်မှာ ၁၉၆၇ တွင် ကရင် လူငယ်ခေါင်းဆောင် တဦးအဖြစ် စစ်အစိုးရ၏ ဖမ်းဆီးမှုကို ခံရပြီး နာမည်ကြီး ကိုကိုးကျွန်း အကျဉ်းစခန်းသို့ အပို့ခံခဲ့ရဖူးသည်။ သို့သော် အခြားရဲဘော် ၂ ဦးနှင့်အတူ လှေနှင့် ထွက်ပြေးကာမြန်မာပြည် ကမ်းခြေတခုတွင် အောင်မြင်စွာ ဆိုက်ကပ်နိုင်ပြီး ဒေသအာဏာပိုင်များက ပြန်လည် ဖမ်းမိသွားခဲ့သည်။

ထိုကဲ့သို့ ကျွန်းမှ စွန့်စား ထွက်ပြေးမှု အတွေ့အကြုံများကို ‘ရဲဘော်ရှောင်း’ ကလောင်အမည်ဖြင့် ‘မုန်တိုင်းကို ဆန်၍ ပင်လယ်ကို ဖြတ်သောအခါ’ ဒီစာအုပ် ရေးသား ထုတ်ဝေခဲ့ဖူးသည်။

***၁ စက်တင်ဘာလ ၂၀၁၁ မဇ္ဈိမ***

**စာမျက်နှာ– ၈ မှ KNU မိုင်းနင်းမိ၍ အရပ်သားတစ်ဦး သေဆုံးဟု အစိုးရသတင်းစာ မှ အဆက်**

အစိုးရစစ်တပ်က ရွာသားများ မနေနိုင်အောင် ရည်ရွယ်ချက် ရှိရှိ မိုင်းထောင်ခြင်းသာဖြစ်သည်ဟု တုံ့ပြန်ပြောဆိုသည်။

၎င်းက “ကေအဲန်ယူမှာက အရပ်သားတွေ သွားနေတဲ့နေရာ၊ အရပ်သားတွေ ဝါးခုတ်၊ ထင်းခုတ်တဲ့နေရာတွေကို မိုင်း လုံးဝ မထောင်ရဘူး ဆိုပြီးတော့ စည်းကမ်းသတ်မှတ်ချက်ရှိတယ်။ ဒါမျိုးနေရာတွေမှာ ထောင်တာ အစိုးရစစ်တပ်ကပဲ များတယ်။ ဆို လိုချင်တာက ရွာသားတွေ မနေနိုင်အောင် လုပ်ဆောင်တာဖြစ်တယ်။ ဘာဖြစ်လို့လဲဆိုတော့ ရွာသားတွေ လုပ်ကိုင်စား သောက်နိုင်ရင် သူပုန်အဖွဲ့တွေ အခွန်ကောက်မယ်။ အဲသလို တွက်ချက်မှုမျိုးနဲ့ မိုင်းထောင်တာဖြစ်တယ်။”ဟု ပြောသည်။

၎င်းအပြင် လက်ရှိ မြန်မာအစိုးရသည် စည်းကမ်းရှိသည့် ဒီမိုကရေစီအစိုးရ ဟု ကြွေးကြော်နေသော်လည်း ယခင် စစ်အစိုးရအတိုင်းသာ တိုင်းရင်းသားလူမျိုးများ ခုခံတော်လှန်စစ်ကို အကြမ်းဖက်သောင်းကျန်းသူများအဖြစ် အမြစ်ပြတ်ချေမှုန်းရေးစသည့် လမ်းစဉ်အတိုင်း လုပ်နေဆဲဖြစ်သည်ဟု ကေအဲန်ယူ ဒုဥက္ကဋ္ဌ စောဒေးဗစ်သကဘော က ပြောသည်။

အလားတူ ယနေ့ထုတ် ကြေးမုံသတင်းစာ၌ပင် ကချင်ပြည်နယ်၊ ဝိုင်းမော်မြို့နယ်၊ ဆဒုံးမြို့နယ်ခွဲ ဈေးတန်းသို့ ကချင်လွတ် မြောက်ရေးအဖွဲ့ **(KIA)** က စက်တင်ဘာလ ၂၂ရက် မနက် ၃နာရီ ခန့်တွင် လက်နက်ငယ်များဖြင့် ပစ်ခတ်ကာ လက်ပစ်ဗုံးဖြင့် ပစ်ပေါက်ခဲ့သည့်အတွက် အသက် ၄၃နှစ်အရွယ် ကချင်အမျိုးသမီး ဒေါ်မရှီကော့ မှာ လက်နက်ငယ် ထိမှန်သည့်ဒဏ်ရာဖြင့် သေဆုံးသွားခဲ့သည်ဟု ဖော်ပြထားသည်။

မြန်မာအစိုးရသည် ယခင်က ကေအဲန်ယူကိုသာ သောင်းကျန်းသူဟု ခေါ်ဝေါ်သတ်မှတ်ခဲ့သော်လည်း ဇူလိုင်လကတည်းက အပစ်ရပ်မှု ပျက်ပြားခဲ့သည့် ကေအိုင်အေကိုလည်း ယခုဆိုလျှင် သောင်းကျန်းသူအဖျက်သမားဟု သတင်းရေးသား ဖော်ပြ လာခဲ့သည်။

ကရင်အမျိုးသားအစည်းအရုံး (ကေအဲန်ယူ) သည် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် ရရှိရေးအတွက် ၁၉၄၉ခုနှစ်မှစ၍ ယနေ့အချိန်ထိ မြန်မာ အစိုးရ အဆက်ဆက်ကို ခုခံတော်လှန်နေသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့တဖွဲ့ ဖြစ်သည်။

***၂၇ စက်တင်ဘာလ ၂၀၁၁ ကေအိုင်စီ***

# KIA နှင့် အစိုးရတိုက်ပွဲ ပိုမိုတိုးပွားလာ



အစိုးရတပ် နှင့် ကချင်လွတ်လပ်ရေးတပ်မတော် **(KIA)** အကြား တိုက်ခိုက်မှုများ ရှမ်းနှင့် ကချင်ဒေသတွင် ပိုမို တိုးပွားလာကြောင်း **KIA** က ပြောသည် ။ တိုက်ပွဲများက ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ ၄က်ပျောတောကျေးရွာ၊ မံစီမြို့အနီးအနားအထိ ဖြစ်ပွားလာနေကြောင်း ကချင်လွတ်လပ်ရေးအဖွဲ့ **(KIA)** တွဲဖက် အထွေထွေ အတွင်းရေးမှူး ဦးလနန်က ရေဝတီကို ပြောသည်။

**KIA** ၏ အမှတ် ၄ တပ်မဟာ လှုပ်ရှားနွင်ဖြစ်သည့် ရှမ်းပြည်နယ်၊ မူဆယ်မြို့နယ်ရှိ ပန်ဆိုင်း၊ တာမိုးညဲ စသည့် ဒေသများတွင်လည်း တိုက်ပွဲများ ဖြစ်ပွားနေကြောင်း ဦးလနန်က ပြောသည်။

"တပ်မဟာ ၄ ဘက်မှာတော့ တိုက်ပွဲဟာ လုံးဝကျယ်ပြန့်သွားပြီး အစိုးရတပ်ဖွဲ့ တွေရှိတဲ့ နေရာတွေကို ကျနော်တို့ ပြောက်ကျားတပ်ဖွဲ့ဝင်တွေက ပြန်တိုက်နေကြတယ်" ဟု ဦးလနန်က ရေဝတီကို ပြောသည်။

တပ်မဟာ ၄ ဒေသသည် စက်တင်ဘာလ ၂၃ ရက်နေ့ မှ စတင်၍ အပြင်းအထန် ထိုးစစ်ဆင်ခံရခြင်း ဖြစ်သည်။

ယမန်နေ့က ကချင်ပြည်နယ် လိုင်ဇာဒေသသို့ ဦးတည်လာသော အစိုးရတပ်တို့နှင့် တိုက်ပွဲ ဖြစ်ပွားခဲ့ကြောင်း သိရသည်။ **KIA** ဒေသသီးသီးကို စစ်ရေးပြင်ဆင်မှု တိုးလာသည်ဟု ဆိုသည်။

"မြစ်ကြီးနားကနေပြီတော့ ရွှေညောင်ပင်ဘက်ကို သူတို့ တပ်အင်အားဖြည့်တာရှိတယ် ၊ နောက်ပြီးတော့ မြစ်ကြီးနားကနေ ရေဝတီမြစ် လမ်းကြောင်းဆင်းပြီး တာလောကြီးဘက်က ဝင်လာဖို့ ရှိတယ်၊ ဗန်းမော်မြို့ အနောက်ဘက်ခြမ် အဲဒီကနေလည်း တက်လာဖို့ အစီအစဉ်ရှိတယ်၊ ဒါကို ကြည့်ခြင်းအားဖြင့် သူတို့တပ် ဦးတည်လာတာ ကို စုလိုက်ရင် ကျနော်တို့ဘက်ကို ဖြစ်နေတယ်" ဟု ဦးလနန်က ရှင်းပြသည်။

**KIA** ဘက်ကလည်း ကြိုတင်ပြင်ဆင်ထားကြောင်း သူကပြောသည်။ "လိုင်ဇာဒေသကို ဝင်လာမယ်ဆိုရင် ဒီဒေသတော့ သူတို့အတွက် သတ်ကွင်း ဖြစ်သွားပါလိမ့်မယ်၊ သူတို့ သိမှာပါ။ ဒါကြောင့်မို့ သူတို့က အဝေးကနေ လက်နက်ကြီးတွေကို အားကိုးပြီးတော့ ပစ်ကြမယ်လို့ ထင်တယ်" ဟု ဦးလနန်က ဆိုသည်။

**KIA** က တိုက်ပွဲအခြေအနေများ၊ ၎င်းတို့၏ သဘောထားများကို သတင်းဌာနများသို့ ပြောဆိုနေချိန်တွင် အစိုးရက စစ်သတင်းကို အမှောင်ချထားသည်။နှစ်ဖက် အကျအဆုံး စာရင်း၊ ထွက်ပြေးနေရသည့် ဒေသခံ အရေအတွက်တို့ကို မသိရှိရသေးပေ။

**၃၀ စက်တင်ဘာ ၂၀၁၁ ရေဝတီ**

# KIA ပစ်ခတ်မှုတွင် မြန်မာစစ်တပ် စရဖ တဦးကျ



မြန်မာစစ်တပ် ၏ စစ်ထောက်လမ်းရေး စစ်ဖက်ရေးရာလုံခြုံရေးအဖွဲ့ (စရဖ) ဝင် တဦးသည် စက်တင်ဘာ ၃၀၊ ယနေ့ သောကြာနေ့ မွန်းလွဲ ၃ ကျော်တွင် ဖြစ်ပွားသော **KIA** ၏ပစ်ခတ်မှုတခုတွင် သေဆုံးခဲ့ ကြောင်း မျက်မြင်သက်သေများ ပြောသည်။

သူသည် ကချင်ပြည်နယ် အရှေ့ဘက် ဗိုင်းမော်မြို့နယ်၊ နမ်ဆန်ယန် ကျေးရွာရှိ စရဖ ရုံးအား ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **(KIA)** စစ်သားများ ဝင်ရောက်ပစ်ခတ်မှုတွင် သေဆုံးခြင်းဖြစ်သည် ဟု ရွာသားများပြောသည်။

ပစ်ခတ်မှုနှင့် စရဖ အဖွဲ့ဝင် ကျဆုံးခဲ့ခြင်းကို **KIA** ဗဟိုဌာနချုပ် လိုင်ဇာမှ စစ်အရာရှိများလည်း ကချင်သတင်း ဌာန သို့ အတည်ပြုသည်။ နမ်ဆန်ယန် ကျေးရွာ **(Nam San Yang)** သည် မြစ်ကြီးနား–မန်မော် (ဗန်းမော်) ကားလမ်းမတွင်ရှိပြီး **KIO** မြို့တော် လိုင်ဇာ နှင့် လည်း အနည်းငယ်နီးကပ်ပါသည်။

**၃၀ စက်တင်လာ ၂၀၁၁ ကေအန်ဂျီ**

# မြန်မာ အစိုးရတပ် ကချင် ဒေသခံ တွေကို ပေါ်တာဆွဲ



ကချင်လွတ်လပ်ရေးအဖွဲ့ **(KIA)** ကို မြန်မာအစိုးရ က ဆက်လက် ထိုးစစ်ဆင်နေ ရာမှာ အစိုးရတပ် တွေက ဗိုင်းမော် မြို့ပေါ်က ရပ်ကွက် အုပ်ချုပ်ရေးမှူးတွေကို ဆင့်ခေါ်ပြီး ပေါ်တာ အထမ်းသမား ၅၀ ရှာပေးဖို့ တောင်းဆိုခဲ့ကြောင်း မြို့ခံတွေက ဘီဘီစီကို ပြောပါတယ်။

ရပ်ကွက် အုပ်ချုပ်ရေး မှူးတွေက စစ်တပ်ကို ကိုယ့်အစီအစဉ် နဲ့ ကိုယ်ရှာဖို့ အကြောင်းပြန် ခဲ့ကြတယ် လို့ဆိုပါတယ်။ အနီးပတ်ဝန်းကျင်က ရွာတွေမှာတော့ ပေါ်တာဆွဲတာ တွေရှိနေတယ်လို့ တရုတ်မြန်မာနယ်စပ်မှာ ရှိတဲ့ ဘီဘီစီ သတင်းထောက်က ပြောပါတယ်။တိုက်ပွဲ တွေကြောင့် ဒေသခံတွေ ထွက်ပြေးရတာ တွေလည်း နောက်ထပ်ဆက်ပြီး ရှိနေပါတယ်။ ကြာသပတေးနေ့တုန်းက မြန်မာ အစိုးရနဲ့ ကေအိုင်အေတပ်ဖွဲ့တွေကြား ဂျာအိန်ယန် ရွာ အနီးမှာ တိုက်ပွဲ တခု ဖြစ်ခဲ့သလို အောင်ဂျာယန် ရွာအနီးမှာလည်း နောက်ထပ်တိုက်ပွဲတခု ဖြစ်ခဲ့ပါတယ်။ ထိခိုက်ကျဆုံးမှု အခြေအနေ ကိုတော့ မသိရသေးပါဘူး။

**၃၀ စက်တင်လာ ၂၀၁၁ ဘီဘီစီ**

## KIA တပ်ရင်း (၈) နှင့် ဖြစ်ပွားသောတိုက်ပွဲတွင် မြန်မာစစ်သား ၁၅၀ ကျ

ရှမ်းပြည်မြောက်ပိုင်း၊ မန်တုံမြို့နယ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIA)** တပ်ရင်း (၈) အား ၆ ရက်ကြာ ထိုးစစ်ဆင်လာချိန် မြန်မာအစိုးရ တပ်သား အနည်းဆုံး ၁၅၀ ကျဆုံးသည်ဟု မျက်မြင်များ ပြောသည်။

ယင်းအရေးအတွက်မှာ မန်တုံမြို့နယ်ရှိ **KIA** တပ်ရင်း (၈) ဒေသအား စက်တင်ဘာ (၂၄) ရက် မှ စ၍ မြန်မာအစိုးရတပ်က ထိုးစစ်ဆင်လာချိန် ပေါ်တာအဖြစ် မြန်မာအစိုးရတပ်က ခေါ်ဆောင်ခဲ့သော ပြည်သူများ ပြောဆိုချက်အရ သိရခြင်းဖြစ်သည်။

ကျဆုံးမြန်မာအစိုးရတပ်သားများသည် မိတ္ထီလာအခြေစိုက် တပ်မ (၉၉) မှ ဖြစ်သည်ဟု ထွက်ပြေးလာသည့် ပေါ်တာများနှင့် **KIA** အရာရှိများ ပြောသည်။

ယခုတိုက်ပွဲတွင်အရှေ့ မြောက်ပိုင်းတိုင်းစစ်ဌာ နချုပ်လက်အောက်ခံ တပ်များအပြင် ရှမ်းပြည်ပြင်ပမှ တပ်မ (၉၉) နှင့် ရွှာထောင် တပ်မ(၃၃) နှင့် **KIA** တပ်ရင်း (၈) ကြား ဖြစ်ပွားခြင်းဖြစ်သည် ဟု **KIA** အရာရှိများပြောသည်။



Photo Kachin News Group

**KIA** တပ်သား ၅ ဦး ယခု သီတင်းပတ်အစောပိုင်းက ကျဆုံးသွားသည်ဟု **KIA** အရာရှိများအတည်ပြုပြောဆိုသည်။

ယခုအခါ လွယ်ကန်အခြေစိုက် **KIA** တပ်မဟာ (၄) လက်အောက်ခံ တပ်ရင်း ၅ ခု အနက် ၃ ခု (တပ်ရင်း(၂) ၊ တပ်ရင်း(၉) ၊ တပ်ရင်း(၂၉) အခြေစိုက်စခန်းများအား မြန်မာအစိုးရတပ်က ဝင်ရောက်သိမ်းပိုက်ထားသည်ဟု သိရသည်။

ထို့အပြင် ရာဂဏန်းရှိ တပ်မ (၉၉) ၊ မကွေးအခြေစိုက် တပ်မ (၈၈) နှင့် အခြားတပ်ကူများ ထပ်မံရောက်ရှိလာကာ လွယ်ကန်မှတောင်ဘက်ရှိ **KIA** တပ်ရင်း (၁၇) အခြေစိုက်စခန်းအနီး နေရာ ယူထားကြသည် ဟု မျက်မြင်သက်သေများက ဆိုသည်။

ယခုချိန်တွင် ထောင်ဂဏန်းရှိ စစ်ပြေးဒုက္ခသည်များ စစ်ဖြစ်ပွားရာဒေသမှ ထွက်ပြေးလာကြပြီး အများစုမှာ တောတောင်ထဲ ပုန်းအောင်းနေကြကာ နေရာထိုင်ခင်း၊ အစားအစာနှင့် ကျန်းမာရေးပြဿနာများ ရင်ဆိုင်ကြုံတွေ့နေရသည်ဟု ဒုက္ခသည်များနှင့် နီးစပ်သူများက ဆိုသည်။

၆ ရက်ကြာ နှစ်ဖက် ပြင်းပြင်းထန်ထန် စစ်ဖြစ်ပွားနေစဉ် မိမိ နေရပ်ရွာ ကျေးရွာများကို စွန့်ခွာသော စစ်ပြေး ဒုက္ခသည် စုစုပေါင်း ၂၀၀၀ ကျော် ရှိကြောင်း **KIA** တပ်မဟာ ၄ အရာရှိများ ပြောသည်

***၂၉ စက်တင်ဘာ ၂၀၁၁ ကေအန်ဂျီ***

## SSA/SSPP ညတိုက်ပွဲ အစိုးရဘက်မှ ၆ ဦးကျ ၊ ၂ ဦးဒဏ်ရာရ



ယခုလ ၂၀ ရက်နေ့ ည ၁၂ နာရီခန့်ကသျှမ်းပြည်(မြောက်ပိုင်း) နမ့်ပေါ့– လားရှိုးလမ်း လုံခြုံရေး တာဝန်ယူ နေသည့် ခလရ ၆၈ မှ တပ်ကြပ်ကြီး သန်းဝင်း ဦး ဆောင်သည့် တပ်စုစခန်းအား **SSA/SSPP** က စီးနင်းတိုက်ခိုက် ခဲ့ကြောင်း သိရသည် ။

တိုက်ပွဲဖြစ်ချိန် ၁ နာရီနီးပါး အတွင်း တပ်ကြပ်ကြီး သန်းဝင်း အပါအဝင် ၆ ဦးကျဆုံးပြီး ၂ ဦးဒဏ်ရာရရှိ ကြောင်း **SSA** ဘက် မှ **MA** အမျိုးအစား လက်နက်ငယ် ၃ လက် နှင့် မိုင်း ၃ လုံးသိမ်းဆည်း ရမိကြောင်း အဆိုပါ သျှမ်း တပ်မှ အရာရှိတစ်ဦး က သျှမ်းသံတော်ဆင့် သို့ ပြောသည် ။

**"SSA** ဘက်က စိုင်းကောင်း ဦးဆောင်တဲ့ အင်အား ၂၀ လောက် က နမ့်ပေါ့– လားရှိုးလမ်းပေါ်မှာရှိတဲ့ ခလရ ၆၈ တပ်စု စ ခန်းကို ဝင် တိုက်တာ။ စစ်တပ်နအဖက တပ်ကြပ်ကြီးသန်းဝင်း အပါအဝင် ၆ ဦး သေပြီး ၂ ဦး ဒဏ်ရာ ရတယ်။ ၇၉ လောင်ချာ နဲ့တွဲတဲ့ **MA** တစ်လက် **MA** ၁ က ၂ လက် မိုင်း ၃ လုံး သိမ်းမိတယ်" ဟု သူက ဆိုသည်။

အဆိုပါ တိုက်ပွဲအတွင်း **SSA/SSPP** တပ်ဖွဲ့မှ ထိခိုက်မှု မရှိဟု ၎င်းအရာရှိက ဆိုသော်လည်း သျှမ်းသံတော်ဆင့် အနေဖြင့် သီးခြားအတည်ပြုချက် ရယူနိုင်ခြင်း မရှိပေ။

လွန်ခဲ့သည့် လပိုင်းက အစိုးရစစ်တပ် နှင့် တိုက်ပွဲများအပြင်း အထန်ဖြစ်ပွားခဲ့သော **SSA** ဌာနချုပ် မန့်ဟိုင်းဒေသ အတွင်း ယခု အခါ အစိုးရစစ်တပ် အင်အားများ ထပ်မံတိုးချဲ့လာကြောင်း သိရသည်။

***၂၂ စက်တင်ဘာ ၂၀၁၁ သျှမ်းသံတော်ဆင့်***

## နောက်ဆုံးစာမျက်နှာမှ အဆက်

ထိုနေရာတွင် မိသားစုလို နေထိုင်ပြီး အလုပ်လာလုပ်စားနေတဲ့ စိုင်းမော်၊ ဝါးရှောင်၊ ဝါရဲ ဘက်မှ လာရောက်လုပ်ကိုင်နေသော ပြည်သူများ ပိုများကြောင်း ခြံအလုပ်သမားများမှ သိရသည်။

အခုလိုရောက်ရှိလာသော စစ်ပြေးဒုက္ခသည်များကို **KIO** လိုင်ဇာမြို့ရှိ ဒုက္ခသည်စခန်းများတွင်နေ ရာချပေးနေကြောင်း လိုင်ဇာမှ ဒုက္ခသည် ကူညီရေးအဖွဲ့များ ပြောသည်။

ကြာသပတေးနေ့မှ စ၍ ဂျာအိန်ယန် **(Ja Ing Yang)**နှင့် ဂျွမ်မော် **(Jum Maw)** ကြားတွင် မြန်မာအစိုးရ စစ်ကြောင်း နှင့် ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **(KIA)** ကြား တိုက်ပွဲများ ဖြစ်နေ ကြောင်း စစ်ပြေးဒုက္ခသည်များ ပြောသည်။

***၃၀ စက်တင်ဘာ ၂၀၁၁ ကေအန်ဂျီ***

# KNU, KIA အဖွဲ့များ၏ ဖွံ့ဖြိုးရေးစီမံကိန်းအပေါ် တားမြစ်နေမှုများကို LDB မှ ထောက်ခံ


League for Democracy in Burma
မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် ビルマ民主化同盟

Letter No: LDB/024/2011
Dated : Sept-28-2011

ကရင်အမျိုးသားအစည်းအရုံးအဖွဲ့၏ ထားဝယ်- ကန်ချနဘူရီ အဝေးပြေးလမ်းမဆောက်လုပ်ရေးကို ရပ်ဆိုင်းထားရန် ဆောင်ရွက်မှုကို ထောက်ခံကြောင်း ထုတ်ပြန်ကြေညာချက် ။

ထားဝယ်–ကန်ချနဘူရီ အဝေးပြေးလမ်းမဆောက်လုပ်ရေး ရပ်ဆိုင်းရန် တားမြစ်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး **(KNU)** နှင့် ဧရာဝတီမြစ်ဆုံရေကာတာ တည်ဆောက်ရေး စီမံကိန်းအား ကန့်ကွက်ခဲ့သည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** တို့၏ ဆောင်ရွက်မှုများကို ထောက်ခံကြောင်း ဂျပန်နိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် (LDB) မှ ယမန်နေ့က ကြေညာချက် နှစ်စောင် ထုတ်ပြန်ခဲ့သည်။

**LDB** ၏ ထုတ်ပြန်ကြေညာချက်များသည် မှန်ကန်သည့် လုပ်ရပ်တစ်ခုဖြစ်ပြီး မိမိတို့အနေဖြင့် တိုင်းပြည်အကျိုးထိခိုက်စေမည့် လုပ်ဆောင်ချက်များကို ဝိုင်းဝန်းတားမြစ် ပိတ်ပင်သွားရခြင်းမှာ ပြည်သူအကျိုးအတွက်သာဖြစ်ကြောင်း **KNU** ၏ တွဲဖက်အတွင်းရေးမှူး (၁) ဗိုလ်မှူး စောလှငွေ က ယခုလို ပြောသည်။

ဗိုလ်မှူးစောလှငွေက “ဒီဆောက်လုပ်ရေးတွေက ဘယ်နေရာ ဘယ်ဒေသမှာပဲလုပ်လုပ် အဓိကတော့ ပြည်သူလူထုအကျိုးကို ကြည့်ပြီးပြည်သူတွေအတွက် အကျိုးရှိမယ့် လုပ်ဆောင်ချက်တွေဆိုရင် ကျနော်တို့အနေနဲ့လည်း မတားဆီးပါဘူး။ အခုလည်း ကျနော်တို့အနေနဲ့ ပြည်သူလူထုအတွက် စဉ်းစားပြီး လုပ်ဆောင်နေတဲ့အပေါ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်က ကျနော်တို့ဆန္ဒ နဲ့ ထပ်တူဖြစ်ပြီး ထောက်ခံအားပေးတဲ့အတွက် ဂုဏ်ယူဝမ်းသာမိပါတယ်။”ဟု ပြောသည်။

အီတာလျံထိုင်းကုမဏီမှ အကောင်အထည်ဖော်နေသည့် ထားဝယ်ရေနက်ဆိပ်ကမ်း တည်ဆောက်ရေးအတွက် ထောက်ပံ့ရေး လမ်းကြောင်းဖြစ်သော ၁၆၀ ကီလိုမီတာရှိသော ထားဝယ်–ကန်ချနဘူရီ အဝေးပြေးလမ်းမသည် မြန်မာပြည်အတွင်းပိုင်းတွင် ကီလိုမီတာ ၁၃၀ ရှည်လျားပြီး လမ်းမဖောက်လျှောက်တွင် ဒေသခံ ကရင်တိုင်းရင်းသားပြည်သူများ မှီတင်းနေထိုင်သော ကျေးရွာ ၁၃ရွာ၊ အသက်မွေးဝမ်းကြောင်း ပြုလုပ်နေသည့် ဥယျာဉ်ခြံမြေနှင့် တောင်ယာမြေများ ပျက်စီးပျောက်ကွယ်သွားမည့် အန္တရာယ်ဖြင့် ရင်ဆိုင်နေရသည်ဟု **LDB** က ထောက်ပြထားသည်။

ဧရာဝတီမြစ်ဆုံရေကာတာ တည်ဆောက်ရေးသည် ကချင်အကျိုးအတွက်သာမက မြန်မာတပြည်လုံး၏ အကျိုးအတွက် အရေးပါလှပြီး တစ်ဦး၏ပြဿနာအား တစ်ဦးက နားလည်ပေးနေသည့် **LDB** ၏ ကြေညာချက်မှာ တပြည်လုံး၏ ငြိမ်းချမ်းရေး အသွင်ဆောင်နေသည့်အတွက် အလွန်ဝမ်းမြောက်လှကြောင်း ကချင်ပြည်လွတ်လပ်ရေးအဖွဲ့**(KIO)** ၏ ဒု နိုင်ငံခြားရေးတာဝန် ခံ ဗိုလ်မှူးကြီးဂျိမ်း(စ်)လွန်းဒေါင်က ကေအိုင်စီကို ပြောသည်။

“မြစ်ဆုံရေကာတာ တည်ဆောက်မှုဟာ တစ်ပြည်လုံးအရေးဖြစ်ပါတယ်။ ကချင်ပြည်ထဲမှာဆိုရင် ရွာပေါင်း ၆ဝနဲ့ လူပေါင်း ၂သောင်းလောက်ဒုက္ခရောက်ကြရမှာပါ။ ကချင်ပြည်တခုထဲ မဟုတ်ဘဲ မြစ်တစ်လျှောက်မှာ နေထိုင်ကြတဲ့ လူမျိုးစုတိုင်း ဒုက္ခ ရောက်ရမဲ့အရေးပါ။ ဒါကြောင့် ကျနော်တို့အနေနဲ့လည်း ဒီစီမံကိန်းကြီး ဆက်ပြီး မသွားအောင် ရပ်ထားတယ်။ ရှေ့ဆက်ပြီး တော့လည်း လူမျိုးစုအားလုံးနဲ့ ပူးပေါင်းပြီး လုပ်ဆောင်သွားမှာပါ။”ဟု ဆိုသည်။

ထို့အပြင် ပြည်သူလူထုနှင့် ဒေသခံတိုင်းရင်းသားများ၏ ဆန္ဒနှင့် အကျိုးစီးပွားကို လျစ်လျူရှုပြီး အတုအယောင်လွှတ်တော်တွင် ဆုံးဖြတ်ချက်ရယူမှုကို ကန့်ကွက်ကာ ရေကာတာ ဆောက်လုပ်ခြင်း စီမံကိန်းရပ်တန့်သွားစေမည့် **KIO** ၏ လိုအပ်သော လုပ် ဆောင်မှုများကို ထောက်ခံကြောင်းလည်း **LDB** က ဆိုသည်။

ဘိုးဘွားစဉ်ဆက် မြန်မာတိုင်းရင်းသားပြည်သူအားလုံး မှီတင်းနေထိုင်ခဲ့သည့် ဧရာဝတီမြစ်ကြီးမှာ မြစ်ဆုံရေကာတာကြောင့် ပျက်စီးပျောက်ကွယ်သွားမည့် အန္တရာယ်ရှိသည့်အပေါ် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအဖွဲ့များ၊ ပြည်တွင်းပြည်ပရှိ ပြည် သူအားလုံးနှင့် အဖွဲ့အစည်းများက ရေကာတာဆောက်လုပ်ခြင်းကို အမြန်ဆုံး ရပ်ဆိုင်းရန် တင်ပြ တောင်းဆိုခဲ့ကြသည်။

**LDB** ၏ ထုတ်ပြန်ချက်နှင့် ပတ်သက်၍ ကေအိုင်စီက ဂျပန်ရှိ **LDB** အဖွဲ့ဝင်များထံ ဆက်သွယ်မေးမြန်းသော်လည်း ဖုန်းကိုင် ဖြေကြားမည့်သူမရှိပေ။ကရင်အမျိုးသားအစည်းအရုံး **(KNU)** နှင့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIO)** တို့သည် မြန်မာနိုင်ငံ ဒီမိုကရေစီရရှိရေး၊ လူ့အခွင့် အရေးနှင့် စစ်မှန်သည့် ဖက်ဒရယ်ပြည်ထောင်စု ပေါ်ထွန်းလာရေးအတွက် ကြိုးပမ်းဆောင်ရွက်ကာ မြန်မာလူထုကြား၌ အခိုင် အမာ တည်ရှိနေသည့် တော်လှန်ရေးအဖွဲ့အစည်းအဖြစ် လေးစားကြောင်းကိုလည်း **LDB** က ထုတ်ပြန်ကြေညာခဲ့သည်။

ပြီးခဲ့သည့် စက်တင်ဘာလ ၅ရက်နေ့ကလည်း **LDB** အနေဖြင့် မြန်မာအစိုးရစစ်တပ်ကို ဆန့်ကျင်တိုက်ခိုက်နေသည့် တိုးတက်သော ဗုဒ္ဓဘာသာ ကရင်အမျိုးသားတပ်မတော် **(DKBA)** ကို လေးစားထောက်ခံကြောင်း ကြေညာချက် ထုတ်ပြန်ခဲ့သေးသည်။

***၂၉ စက်တင်ဘာလ ၂၀၁၁ ကေအိုင်စီ***

# တိုင်းရင်းသား နေ့စဉ်သတင်းအကျဉ်း

# Ethnic Nationalities News Chronology

# Sept 2011

Compiled by National Democratic Front- NDF (Head Quarter)

★ရှမ်းပြည်မြောက်ပိုင်း မူဆယ်မှ မုန်းကိုဒေသသို့ ဦးတည်လာသော မြန်မာအစိုးရစစ်ကား (၃) စီးအား လမ်းခုလတ်တွင် **KIA** မှ စက်တင်ဘာ ၃၀၊ သောကြာနေ့ ၁ နာရီကျော်တွင် တိုက်ခိုက်ခဲ့ရာ မြန်မာစစ်သား(၄)ဦး ကျကာ(၅) ဦးဒဏ်ရာရခဲ့ကြောင်းဒေသခံများပြောသည်။ (KNG 30/9/2011)

★မြန်မာစစ်တပ်၏ စစ်ထောက်လမ်းရေး စစ်ဖက်ရေးရာလုံခြုံအဖွဲ့ (စရဖ) ဝင် တဦးသည် စက်တင်ဘာ ၃၀၊ ယနေ့ သောကြာနေ့ မွန်းလွဲ ၃ ကျော်တွင် ဖြစ်ပွားသော KIA ၏ပစ်ခတ်မှုတခုတွင် သေဆုံးခဲ့ကြောင်း မျက်မြင်သက်သေများ ပြောသည်။ (KNG 30/9/2011)

★ကချင်လွတ်လပ်ရေးအဖွဲ့**(KIA)** ကို မြန်မာအစိုးရက ဆက်လက်ထိုးစစ်ဆင်နေ ရာမှာ အစိုးရတပ်တွေက ဝိုင်းမော်မြို့ပေါ်က ရပ်ကွက်အုပ်ချုပ်ရေးမှူးတွေကို ဆင့်ခေါ်ပြီး ပေါ်တာ အထမ်းသမား ၅၀ ရှာပေးဖို့ တောင်းဆိုခဲ့ကြောင်း မြို့ခံတွေက ဘီဘီစီကို ပြောပါတယ်။ (BBC 30/9/2011)

★အစိုးတပ် နှင့် ကချင်လွတ်လပ်ရေးတပ်မတော် (KIA) အကြား တိုက်ခိုက်မှုများ ရှမ်းနှင့် ကချင်ဒေသတွင် ပိုမို တိုးပွားလာကြောင်း KIA က ပြောသည်။ တိုက်ပွဲများက ကချင်ပြည်နယ် မိုးညှင်းမြို့ရှိ ဌက်ပျောတောကျေးရွာ၊ မံစီမြို့ အနီးအနားအထိ ဖြစ်ပွားနေကြောင်း ဦးလနန် က ဧရာဝတီကိုပြောသည်။ (Irrawaddy 30/9/2011)

★ကရင်ပြည်နယ်အစိုးရ၊ လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူး ကြီးအောင်လွင် ဦးတောင်သည့် အဖွဲ့သည် ဗုဒ္ဓဟူးနေ့က ထိုင်း–မြန် မာနယ်စပ်သို့ သွားရောက်ပြီး ကိုယ်စားလှယ်နှင့် တွေ့ဆုံခဲ့သည်။ (Irrawaddy 30/9/2011)

★ရှမ်းပြည်မြောက်ပိုင်း၊ မန်တုံမြို့နယ်တွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIA) တပ်ရင်း (၈) အား ၆ ရက်ကြာ ထိုးစစ်ဆင်လာချိန် မြန်မာအစိုးရ တပ်သား အနည်းဆုံး ၁၅၀ ကျဆုံးသည်ဟု မျက်မြင်များ ပြောသည်။ (KNG 29/9/2011)

★အစိုးရနဲ့ ငြိမ်းချမ်းရေး စကားပြောနေတဲ့ UWSA ဝပြည်သွေးစည်းညီညွတ်ရေး အဖွဲ့ကို အစိုးရက ပြီးခဲ့တဲ့ ရက်ပိုင်းက ဆန်အိတ်တ ထောင် ထောက်ပံ့တယ်လို့ ဝ ပြည်သွေးစည်းညီးညွတ်ရေး အဖွဲ့ကပြောသည်။ (RFA 29/9/2011)

★ ထားဝယ်–ကန်ချနဘူရီ အဝေးပြေးလမ်မ ဆောက်လုပ်ရေး ရပ်ဆိုင်းရန်တားမြစ်ခဲ့သည့် ကရင်အမျိုးသားအစည်းအရုံး **(KNU)** နှင့် ဧရာဝတီမြစ်ဆုံရေကာတာ တည်ဆောက်ရေး စီမံကိန်းအားကွက်ခဲ့သည့် ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ **(KIA)** တို့၏ဆောင်ရွက်မှုများကိုဂျပန်နိုင်ငံအခြေစိုက် မြန်မာ့ဒီမိုကရေစီအဖွဲ့ချုပ် **(LDB)** မှယမန့်နေ့ကြေညာချက်ထုတ်ပြန်ခဲ့သည်။ (KIC 29/9/2011)

★ဝပြည်သွေးစည်းညီညွတ်ရေးပါတီ **UWSA** ခေါင်းဆောင်များနှင့် အစိုးရကိုယ်စားလှယ်များ တွေ့ဆုံဆွေးနွေးချိန်တွင် ဝ အနေဖြင့် ကချင် နှင့် သျှမ်းလက်နက်ကိုင်များ အပေါ်ထိုးစစ်ဆင်နေသည့် ကိစ္စထည့်သွင်း ဆွေးနွေးသင့် ကြောင်း တရုတ်နယ်စပ်စစ်ရေး နိုင်ငံရေး လေ့လာသူ ဦးကျော်ဇောက ထောက်ပြပြောဆိုသည်။ (SHAN 29/9/2011)

★သျှမ်းပြည် (မြောက်ပိုင်း) အတွင်းရှိ **KIA** တပ်မဟာ ၄ လက်အောက်ခံတပ်များအား အစိုးရစစ်တပ်မှ ထိုးစစ်ဆင်တိုက်ခိုက်နေရာတွင် **KIA** ဘက်မှ **SSA/SSPP** တပ်ဖွဲ့များ ကူညီတိုက်ခိုက်နေကြောင်း စုံစမ်းသိရသည်။ (SHAN 28/9/2011)

★ ရှမ်းပြည်နယ်အတွင်းရှိ ရဲဘက်စခန်းတခုကို **KIO** ကချင်လွတ်မြောက်ရေးအဖွဲ့မှာ ဖွင့်ပေးလိုက်ပြီးနောက် **KIO** တပ်မဟာ ၄ ထိန်းချုပ် နယ်မြေသို့ အစိုးရမှ တပ်အင်အား ၂၀၀၀ ခန့် တိုးမြှင့်ချထားလိုက်ပြီး တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသည်ဟု တပ်မဟာ ၄ တာဝန်ခံ ဗိုလ်မှူးကြီးဇော်ရော်က ပြောသည်။ (Mizzima 28/9/2011)

★ မြန်မာနိုင်ငံ၏ တိုင်းရင်းသားဒေသများရှိ ထိုးစစ်များ အမြန်ဆုံးရပ်ရန်နှင့် တွေ့ဆုံဆွေးနွေး အဖြေရှာမှုများ ပြုလုပ်ရန်မွန်အမျိုးသားဒီမိုကရေစီအဖွဲ့ (လွတ်မြောက်နယ်မြေ) **MNDF(LA)** မှလိုလားကြောင်းယနေ့ကျရောက်သည့် ၄င်းအဖွဲ့ ဖွဲ့စည်းတည်ထောင်ခြင်း ၃ နှစ်ပြည့်အထိမ်းအမှတ်နေ့တွင်ကြေညာချက်ထုတ်ပြန်တောင်းဆိုလိုက်သည်။ (KIC 28/6/2011)

★ ပဲခူးတိုင်းဒေသကြီး၊ ရွှေကျင်မြို့နယ်၊ ဝါးတောကြီးရွာသားကျေးရွာသားတစ်ဦးသည် ပြီးခဲ့သည့် စက်တင်ဘာလ ၂၄ရက်နေ့က ကေအဲန်ယူတပ်ဖွဲ့ဝင်များ ထောင်ထားသော မိုင်းတစ်လုံးတက်နင်းမိ၍ ပွဲချင်းပြီး သေဆုံးခဲ့သည်ဟု ယမန်နေ့ထုတ် အစိုးရပိုင်ကြေးမုံသတင်းစာတွင် ပါရှိသည်။ **(KIC 27/9/2011)**

★ တိုင်းရင်းသားဒေသက အရေးပြဿနာတွေကို မြန်မာ့ပြည်တွင်းရေးပဲဆိုပြီး လျစ်လျူမရှုဘဲဝင်ရောက်ဖြန်ဖြေပေးဖို့ ကေအိုင်အိုက ကုလသမဂ္ဂအတွင်းရေးမှူး ဘန်ကီမွန်းကို မေတ္တာရပ်ခံလိုက်ပါတယ်။ (DVB 27/9/2011)

★ ယခုရက်ပိုင်းအတွင်း ရှမ်းပြည်နယ်တွင်ဖြစ်ပွားသော တိုက်ပွဲများကြောင့် နေရပ်စွန့်ခွာသွားကြသော စစ်ပြေးဒုက္ခသည်များကို တရုတ်အာဏာပိုင်တို့က လက်ခံခြင်းမပြုကြောင်း ကချင်လွတ်လပ်ရေးအဖွဲ့ (KIO) တွဲဘက် အထွေထွေအတွင်းရေးမှူး ဦးလနန်က ပြောသည်။ (Irrawaddy 27/92011)

★ အစိုးရတပ်က ကချင်လွတ်လပ်ရေးတပ်မတော် တပ်မဟာ (၄) နယ်မြေကို တပ်ရင်း ၁၀ ရင်းနဲ့ အပြင်းအထန် ထိုးစစ်ဆင်နေတယ်လို့ ကေအိုင်အိုကပြောပါတယ်။ တပ်မဟာ (၄) ခွင်ကို လွန်ခဲ့တဲ့ သုံးရက်ခန့်ကစပြီး လက်နက်ကြီးနဲ့ အဆက်မပြတ်ပစ်ခတ်ခဲ့ပြီး တိုက်ပွဲပြင်း ထန်နေတယ်လို့ဆိုပါတယ်။ (DVB 26/9/2011)

★ မြန်မာအစိုးရကို လက်နက်ကိုင် တော်လှန်နေသည့် ရှမ်းပြည်တပ်မတော် မြောက်ပိုင်း **SSA-N** တပ်များကို အစိုးရတပ်မှ တောနင်းရှာဖွေလျက်ရှိကြောင်း ***SSA-N*** ပြောခွင့်ရသူတစ်ဦးက ပြောသည်။ **(Mizzima 26/9/2011)**

★ ကရင်ပြည်နယ်၊ မြဝတီမြို့နယ်တွင် ယမန်နေ့က ကရင်တပ်ပူးပေါင်းဖွဲ့များသည် ကြောင်လျှာကုန်းရှိ အစိုးရစစ်တပ်များအား ဝင်ရောက်ပစ် ခတ်ခဲ့ရာ အစိုးရတပ်ဘက်က ၄ဦး သေဆုံးခဲ့သည်ဟု ကရင်တပ်ဖွဲ့ဘက်က ပြောသည်။ **(KIC 26/9/2011)**

★ မနေ့ညဦးပိုင်းက တရုပ် မြန်မာနယ်စပ်အနီးရှိ နမ့်ဖတ်ကာမြို့ အခြေစိုက် မြန်မာအစိုးရတပ် ခလရ (၁၂၃) ကို KIA ကချင်လွတ်မြောက် ရေးတပ်ဖွဲ့ တပ်မဟာ (၄) လက်အောက်ခံတပ်ဖွဲ့တွေက ဝင်ရောက်တိုက်ခိုက်တယ်လို့သိရပါတယ်။ (RFA 25/9/2011)

★ တိုင်းရင်းသားလက်နက်ကိုင် ပူးပေါင်းတပ်ဖွဲ့ဝင်များနှင့် မြန်မာအစိုးရတပ်ကို ကရင်ပြည်နယ်အတွင်း ယမန်နေ့ညက တိုက်ပွဲဖြစ်ပွားခဲ့ကြောင်းသိရသည်။ သေဘောဘိုး ကျေးရွာအနီးတပ်စွဲထားသော ခလရ (၂၀၄) တပ်ဖွဲ့ဝင်များက နယ်မြေရှင်းလင်းရေးအတွက် လှုပ်ရှားစဉ်ရင်ဆိုင်တိုက်ပွဲဖြစ်ခဲ့သည်။ **(Irrawaddy 23/9/2011)**

★ ယခုလ ၂၀ ရက်နေ့ည ၁၂ နာရီခန့်က သျှမ်းပြည် (မြောက်ပိုင်း) နမ့်ပေါ့– လားရှိုးလမ်း လုံခြုံရေးတာဝန်ယူ နေသည့် ခလရ ဖ၈ မှ တပ်ကြပ်ကြီး သန်းဝင်း ဦးဆောင်သည့် တပ်စုစခန်းအား **SSA/SSPP** က စီးနင်း တိုက်ခိုက်ခဲ့ကြောင်းသိရသည်။ **(SHAN 22/9/2011)**

★ ရောဝတီမြစ်ဆုံရောကာတာစီမံကိန်းအတွက် တရုတ်နိုင်ငံမှဆောက်လုပ်ရေးပစ္စည်းများ တင်သွင်းမှုကိုပိတ်ဆို့ခြင်းမပြုရန်နှင့် ကချင်လွတ်လပ်ရေးတပ်မတော် **(KIA)** တပ်ဖွဲ့ဝင်များကိုဖယ်ရှားပေးရန် မြန်မာအစိုးရက ပြီးခဲ့သည့်တပတ်အတွင်သတိပေးပြောကြားခဲ့သည်။ **(Irrawaddy 20/9/2011)**

★ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့အနီး မြန်မာအစိုးရစစ်တပ်၏ ကားလမ်းဂိတ်စခန်း ၃ ခုကို တိုးတက်သောဗုဒ္ဓဘာသာကရင်အမျိုးသား တပ်မတော် **DKBA** က ယမန်နေ့ညနေ ၁ နာရီကျော်အချိန်တွင် ပြောက်ကျားစနစ်ဖြင့်တပြိုင်နက်တည်းဝင်ရောက်တိုက်ခိုက်ခဲ့သည်။ **(KIC 8/9/2011)**

★အာဏာရပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးပါတီခေါင်းဆောင် ၂ ဦးသည် ရှမ်းပြည်နယ် ကျိုင်းတုံမြို့ သို့သွားရောက်ပြီး ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် **(UWSA)** နှင့် အင်္ဂါနေ့တွင် တွေ့ဆုံးခဲ့သည်ဟု သိရသည်။ **(Irrawaddy 8/9/2011)**

★လက်ရှိအခြေအနေအတိုင်းအပစ်အခတ်ရပ်စဲရေးကိုဆက်လက်ထိန်းသိမ်းထားရန်ဝ ပြည်သွေးစည်းညီညွတ်ရေး တပ်မတော် **(UWSA)** နှင့် တွေ့ဆုံခဲ့သည့် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ (ကြံ့ဖွံ့ပါတီ) မှ အစိုးရ ထိပ်တန်းကိုယ်စားလှယ် ၂ ဦးက ဆွေးနွေးကြောင်း သိရသည်။ **(Irrawaddy 8/9/2011)**

★ကချင်လွတ်လပ်ရေးအဖွဲ့ **(KIO)** နှင့် ငြိမ်းချမ်းရေးဆွေးနွေးပွဲ မအောင်မြင်ရခြင်းသည် **(KIO)** ၏ တဖက်သတ် တောင်းဆိုမှုများကြောင့် ဖြစ်သည်ဟု ပြန်ကြားရေးဝန်ကြီး ဦးကျော်ဆန်းက အင်္ဂါနေ့တွင် ပြောဆိုလိုက်သည်။ **(Irrawaddy 7/8/2011)**

★ကရင်အမျိုးသားအစည်းအရုံး **(KNU)** အထွေထွေအတွင်းရေးမှူး ပဒိုမန်းရှာ လုပ်ကြံခံရမှုတွင် **KNU** ခေါင်းဆောင် ဗိုလ်ချုပ်စောဘိုမြ၏သား ဗိုလ်မှူးနဒါးမြ ပါဝင်ပတ်သက်ဖွယ်ရှိသည် ဆိုသည့် ဝီကီလိတွင် ပါဝင်သော သတင်းကို ပဒိုမန်းရှာ၏မိသားစုက မယုံကြည် ကြောင်း တနင်္လာနေ့တွင် ပြောကြားလိုက်သည်။ **(Irrawasddy 6/9/2011)**

★ကချင်လွတ်မြောက်ရေးအဖွဲ့ **KIO** အဖွဲ့ ထိပ်တန်းခေါင်းဆောင်များ၏ လိုင်ဇာမြို့ ဌာနချုပ်အစည်းအဝေးအတွင်း အချင်းများ ရန်ဖြစ် ရာက ပစ်ခတ်မှုဖြစ်ပွားခဲ့သည်ဟု အစိုးရအာဘော် သတင်းစာကရေးသားထားခြင်းမှာ လုပ်ကြံပြောဆိုခြင်းသာ ဖြစ်ကြောင်း **KIO** ဒုစစ်ဦးစီးချုပ် ဗိုလ်မှူးချုပ် ဂွမ်မော်က ပြောသည်။ **(Mizzima 6/9/2011)**

★မြဝတီမြို့ တောင်ဘက်မိုင် ၅၀ လောက်အကွာ ဖလူးလေးရွာမှာ ရှိတဲ့ ကရင်နယ်ခြားစောင့်တပ်ကို ဗိုလ်နှုတ်ခမ်းမွေး ဦးဆောင်တဲ့ ဒီကေဘီအေ အဖွဲ့က ဝင်တိုက်တာဖြစ်ပြီး၊ ဗိုလ်အေဝမ်း ဦးဆောင်တဲ့ အဖွဲ့ကတော့ ဘုရားသုံးဆူအနားက အစိုးရတပ်ကို ဝင်တိုက်ခဲ့တာ ဖြစ်တယ်လို့ ထိုင်းနယ်စပ် လုံခြုံရေး အရာရှိ တွေကပြောပါတယ်။ **(BBC 4/9/2011)**

★ကချင်လွတ်လပ်ရေးတပ်မတော် **KIA** အစိုးရစစ်တပ်အကြားပစ်ခတ်တိုက်ခိုက်မှုတွေလည်းဆက်ရှိနေပြီးစနေနေ့ကဆိုရင်နေရာ(၂) ခုမှာ တိုက်ပွဲတွေဖြစ်ပွားခဲ့ပါတယ်။ **KIA** တပ်မဟာ(၅) တပ်ရင်း(၃) က တပ်ဖွဲ့ဝင်တွေနဲ့ ပြောက်ပိုင်းတိုင်းစစ်ဌာနချုပ်က တပ်ဖွဲ့တွေအကြား တိုက်ပွဲ ဖြစ်ပွားခဲ့ရာ အစိုးရတပ်က (၄)ဦး ကျဆုံးပြီး (၇)ဦးဒဏ်ရာရရှိခဲ့တယ်လို့ **KIA** ကပြောပါတယ်။ **(BBC 4/9/2011)**

★ကချင်လွတ်မြောက်ရေးတပ်ဖွဲ့ **KIA** တပ်မဟာ(၄)ထိန်းချုပ်နယ်မြေအတွင်းက ကျေးရွာ ၂ ရွာကို မြန်မာအစိုးရတပ် ထိန်းချုပ်ရာနယ်မြေအတွင်းက ကားလမ်းအနီးကို စုစည်းကျေးရွာတွေ အဖြစ် ဒီကနေ့အဓမ္မရွှေ့ပြောင်းလိုက်ကြောင်း **KIA** တပ်မှူးတဦးကပြောသည်။ **(RFA 3/9/2011)**

★ကချင်လွတ်လပ်ရေးတပ်မတော် **(KIA)** က တပ်သားသစ်များ အတင်းအဓမ္မ စုဆောင်းနေကြောင်းအစိုးရ၏ စွပ်စွဲချက်နှင့်ပတ်သက်၍ အခြေအမြစ် မရှိသည့်စွပ်စွဲချက်များဖြစ်သည်ဟု **(KIA)** ကငြင်းဆိုလိုက်သည်။ တပ်ထဲရောက်လာတဲ့ လူငယ်တွေကတော့အားလုံးက ကိုယ်ထမ်းဆောင်ရမယ့် တာဝန်ကို ကိုယ့်အသိနဲ့ကိုယ် တာဝန်ယူပြီးမှ ဝင်လာတဲ့လူတွေပါပဲ အတင်းအဓမ္မစုဆောင်းတာမျိုးမလုပ်ဘူးလို့ ကချင်လွတ်လပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးလနန်ကပြောသည်။ **(Irrawaddy 2/9/2011)**

★အမျိုးသား ဒီမိုကရေက်တစ် မဟာမိတ်တပ်ပေါင်းစု– သျှမ်းပြည်အရှေ့ပိုင်း **NDDAA-ESS** မိုင်းလားတပ် ဖွဲ့နှင့် ဝ ပြည်သွေးစည်း ညီညွတ်ရေးတပ်မတော် **UWSA** ထံအစိုးရသစ်မှ ငြိမ်းချမ်းရေးကမ်းလှမ်းစာပေးပို့ခဲ့ကြောင်းသိရှိရပါသည်။ **(SHAN 1/9/2011)**

★ဗဟိုနှင့် အဆက်အသွယ် ပြတ်နေသော ကရင်အမျိုးသားအစည်းအရုံး **(KNU)** ခေါင်းဆောင် ပဒိုမန်းငြိမ်းမောင် တလကျော် ပျောက်ဆုံးနေမှုအား စုံစမ်းနေဆဲဖြစ်ပြီး ရှင်းရှင်းလင်းလင်း မသိနိုင်သေးကြောင်း **(KNU)** က ပြောသည်။ **(Mizzima 1/9/2011)**

# တစ်ရက်တည်း ဒုက္ခသည် ၁၃၀ ဦး လိုင်ဇာ သို့ ထပ်မံရောက်ရှိ လာ


Photo: Kachin News Group

စက်တင်ဘာ ၂၉ တစ်ရက်တည်းတွင် ကချင်လွတ်မြောက်ရေးအဖွဲ့ **(KIO)** ဗဟိုဌာနချုပ် လိုင်ဇာ ဒုက္ခသည်စခန်းသို့ ကချင်စစ်ပြေးဒုက္ခသည် ၁၃၀ ကျော် ထပ်မံရောက်ရှိခဲ့ပြီး ဆက်လက်ရောက်လာနေ ဆဲဖြစ်ကြောင်း **KIO** က ဆိုသည်။

ဒုက္ခသည်များသည် ကချင်ပြည်နယ် တောင်ဘက် ဂျာအိန်ယန်ရွာ **(Ja Ing Yang)** နှင့် ရှဒန်ပါ **(Shadan Pa)** နယ်မြေထဲမှ ဖြစ်ကြပြီး ကချင်ပြည်နယ် အရှေ့ဘက်တရုတ်နယ်စပ်အနီး **KIO** မြို့တော် လိုင်ဇာသို့ ထွက်ပြေးလာသည်ဟု ဆိုသည်။

လိုင်ဇာမှ **KIO** ဒုက္ခသည်ကယ်ဆယ်ရေးကော်မတီ ဥက္ကဌ ဆလန်ကဘာဒွဲပီဆာ က "အခုလို ရောက်ရှိ လာသော ဒုက္ခသည်များသည် ဂျာအိန်ယန်နှင့် ရှဒန်ပါ ပတ်ဝန်းကျင်ရှိ ငှက်ပျောခြံ၊ လိမ္မော်ခြံများတွင် အလုပ်လုပ် နေကြသော သူများဖြစ်ပြီး အရင်က သူများထွက်ပြေးလာတဲ့အခါ သူတို့ကစိတ်မာပြီး ကျန်နေတဲ့ လူတွေဖြစ် တယ်။" ဟု ပြောပါသည်။

ရှဒန်ပါ **(Shadan Pa)** သည် ကချင်ပြည်နယ်တွင် အကြီးဆုံး တရုတ် အငှား ငှက်ပျောခြံ တည်ရှိပြီး လိုင်ဇာမှ အနောက်ဘက်(၁၅) မိုင်အကွာတွင် ရှိသည်။

**စာမျက်နှာ – ၁၅ သို့**

## ကာတွန်း– ပိုနေလို့ ရောင်းတာ

**ဟန်လေး ရေ၀တီ – စက်တင်ဘာ ၁၃**




**Victory Through Alliance** **တပ်ပေါင်းစုဖြင့် အောင်ပွဲခံမည်**

**Contact:**
P.O.Box 101
Maesot P.O
Tak 63110
Thailand

Email; <ndfburma@hotmail.com>
<ndf.burma@gmail.com>
www.ndf-burma.blogspot.com

ဤ မဒတ စာစောင် ပါ သတင်းများ၊ ဆောင်းပါးများ၊ ကာတွန်းများကို ထုတ်ဝေပြီးစာပေဟောင်းများနှင့် အင်တာနက် သတင်းမီဒီယာစာမျက်နှာများ မှတဆင့် မဒတ ဌာနချုပ်ရုံးက ပြန်လည်စုစည်းတင်ဆက်ထားပါသည်။